# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 11 June 2024 ၁၁၄၈၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ဆိုင်ရာပညာသည်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်း

## ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရမည်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသားသင်တန်းသူများအား တက္ကသိုလ်အလိုက် ဘွဲ့နှင်းသဘင်ခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

**ဆီထွက်သီးနှံနှင့် ဝါအပါအဝင် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဆိုလာစိုက်ပျိုးရေတင်စနစ်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၉

**“ပြဿနာရဲ့အရင်းအမြစ်နဲ့ အဓိကအဟန့်အတားက ဘာလဲ” ဆိုသည်ကို ထင်ဟပ်သည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဟောင်း၏ ပြောဆိုချက်**
ဆောင်းပါး စာမျက်နှာ » ၁၀

**နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ**
စာမျက်နှာ » ၁၂

ကြေးမုံ

# ပညာစွမ်းပကားဖြင့် တိုးတက်ရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာတတ်များစွာလိုအပ်သည်။ ပညာတတ်များပေါများသည့်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်နေပြီး ပညာတတ်နည်းပါးသည့်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် နိုင်ငံများ၌ ပညာတတ်များပေါများရန်အတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်နေကြသည်။ အလားတူ ပညာတတ်များပေါများလာရေးအပြင် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် စာပေဖတ်ရှုသည့် အလေ့အထများကို စဉ်ဆက်မပြတ် ပြုလုပ်နေကြသည်။

မြန်မာနိုင်ငံတွင် ပညာရေးကို စဉ်ဆက်မပြတ် အားပေးမြှင့်တင်ပေးနေသော်လည်း ပညာတတ်များတိုးပွားမှုတွင် လိုအပ်ချက်များရှိနေသေးသည်။ ထို့အပြင် စာပေဖတ်ရှုသည့် အလေ့အထတွင် စိတ်ဝင်စားမှုနည်းပါးနေသေးသောကြောင့် မှန်ကန်သည့်အသိပညာနှင့် တိုးတက်သည့်ဗဟုသုတများဘက်၌ အားနည်းလျက်ရှိနေသေးသည်။ ထိုသို့ အားနည်းမှုအမျိုးမျိုးရှိနေသည့်ကြားမှ ပညာရေးဘက်တွင် အနှောင့်အယှက်အမျိုးမျိုးရှိနေသောကြောင့် နိုင်ငံသားများ ပညာတတ်မြောက်ရေး၊ အသိပညာဗဟုသုတတိုးပွားရေးတွင် လက်လှမ်းမမီသေးသည့် အခြေအနေများရှိနေသည်။ ပညာနှင့်အလှမ်းဝေးနေသည်ဟု ဆိုနိုင်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းများ စတင်ဖွင့်လှစ်သည့် ပထမရက်သတ္တပတ်အတွင်း နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ခုနစ်သန်းနီးပါး ကျောင်းတက်ပညာသင်ကြားနေသည်ဟု သိရသည်။ အဆိုပါအရေအတွက်သည် မြန်မာနိုင်ငံ၏ လူဦးရေအသက်အပိုင်းအခြားအရ ကျောင်းတက်ရာခိုင်နှုန်းပြည့်မီရန် လိုအပ်ချက်များရှိနေသေးသည်။ အရွယ်ရောက်သူတိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခွင့်အလမ်းများဖွင့်ပေးထားသော်လည်း အခက်အခဲအမျိုးမျိုးကြောင့် ပညာမသင်နိုင်သူများရှိနေသည်။ ယင်းတို့တွင် နယ်မြေဒေသမတည်ငြိမ်မအေးချမ်းမှု၊ ပညာသင်ကြားရေးကို နှောင့်ယှက်မှု၊ ပဋိပက္ခများကြောင့် ပညာမသင်ကြားနိုင်သည့် အခြေအနေများသည် စိတ်မကောင်းဖွယ်ဖြစ်သည်။

ပြီးခဲ့သည့်စာသင်နှစ်နှင့် ယခုစာသင်နှစ်ကာလအတွင်း ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့ရှိ အချို့သောစာသင်ကျောင်းများမှာ ဖွင့်လှစ်နိုင်ခြင်းမရှိသေးပေ။ အကြောင်းမှာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာသင်ကြားမှုအခွင့်အရေး ဆုံးရှုံးနေရခြင်းများနှင့် ကြုံတွေ့နေရသည်။ တစ်ဖက်တွင် ဘယ်သူမပြု မိမိမှုဆိုသကဲ့သို့ ပညာမသင်ကြားနိုင်သည့်အခြေအနေကို ကိုယ်တိုင်သုံးသပ်ကြည့်နိုင်သည်။ မိမိကိုယ်ကို ပညာမတတ်အောင် ပြုလုပ်ခြင်းသည် မိမိကိုယ်မိမိ ဖျက်ဆီးခြင်းသာဖြစ်သလို နိုင်ငံကို ဖျက်ဆီးလိုက်ခြင်းဟုဆိုနိုင်သည်။ မကြာသေးမီရက်ပိုင်းက ကျောင်းပတ်ဝန်းကျင်တစ်ခု၌ တိုက်ခိုက်ဖျက်ဆီးမှုသည် လူမဆန်သောလုပ်ရပ်ဖြစ်သည်။ အောက်တန်းကျသောလုပ်ရပ်ဟု ဆိုနိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူသည့်ကာလတွင် အကြမ်းဖက်အဖျက်သမားများက ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းများကို အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းတို့ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံရေးပယောဂများကြောင့် ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသဖြင့် ပညာရေးအဟောသိကံဖြစ်မှုများ၊ အနှောင့်အယှက်ဖြစ်မှုများ ကြုံတွေ့ခဲ့ရသည်။ ပညာရေးသည် အခုရေတွင်းတူး၊ အခုရေကြည်သောက်နိုင်သော အလုပ်မဟုတ်ပေ။ ပညာရေးအတွက် အချိန်များစွာ ရင်းနှီးမြှုပ်နှံရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဝန်ထမ်းများ ပြည့်မီစွာ ခန့်အပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အချိန်ကာလတစ်ခုအထိ ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများ ပညာတတ်မြောက်ရေးကို အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေရေးတို့ကို အလေးထားဆောင်ရွက်နေပြီး အနိမ့်ဆုံး KG တန်းမှစ၍ KG+12 အထိ မည်သည့် အခကြေးငွေမှ ပေးစရာမလိုဘဲ ကျောင်းသုံးစာရေးကိရိယာများပါ အခမဲ့ပေးအပ်ထားသည်။ မဖွင့်ရသေးသည့် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်ပြီးကျောင်းများအားလုံး အေးချမ်းစွာပညာသင်ကြားရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ သင်ကြားရေးတာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၏ လုံခြုံရေး ဆောင်ရွက်ပေးပြီး လိုအပ်သည့်ချီးမြှင့်မှုများကို ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးအချက်ဖြစ်ရာ ပြည်သူများအားလုံး စာတတ်မြောက်ရေး၊ စာဖတ်နိုင်ရေးနှင့် အတန်းပညာများ မြင့်မားလာရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြကာ ပညာတတ်များ စွမ်းပကားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။


## တရားမအထူးအယူခံမှု ၁၀ မှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၄၁/၂၀၂၃ (စစ်ကိုင်း)၊ ၂/၂၀၂၄(ရန်ကုန်)၊ ၈/၂၀၂၄ (ကချင်)၊ ၁၃/၂၀၂၄ (ရန်ကုန်)၊ ၁၅/၂၀၂၄ (မန္တလေး)၊ ၉/၂၀၂၄ (မကွေး)၊ ၁၁/၂၀၂၄ (မန္တလေး)၊ ၁၂/၂၀၂၄ (ရန်ကုန်)၊ ၁၆/၂၀၂၄ (မန္တလေး)နှင့် ၁၇/၂၀၂၄ (မန္တလေး) စုစုပေါင်းတရားမအထူးအယူခံမှု ၁၀ မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၄/၂၀၂၄ (တနင်္သာရီ)၊ တရားမအထူးအယူခံမှု အမှတ် ၆/၂၀၂၄ (မန္တလေး)၊ ၁၈/၂၀၂၄ (ရန်ကုန်)၊ ၂၀/၂၀၂၄ (ရန်ကုန်)၊ ၂၂/၂၀၂၄ (ဧရာဝတီ)၊ ၂၄/၂၀၂၄ (ရန်ကုန်)နှင့် ၂၅/၂၀၂၄(မကွေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ခြောက်မှု တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၈၉ | ၈၀၉,၉၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၂၈၀ | ၉၀၅,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၃ | ၁၀၉,၂၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၁၅၂ | ၂၆၆,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂ | ၅,၇၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၈၅၆ | ၁,၅၅၀,၆၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၁ | ၄,၈၀၀ |
| MAEX | ၃,၁၀၀ | ၃,၄၀၀ | ၂,၂၃၄ | ၇,၃၇၃,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

**ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးနိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိများ မွေးထုတ်ပေးရန်"**ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသားဗိုလ်လောင်းများက ဆေးဘက်ပညာဆိုင်ရာ အရာရှိငယ်များကို မွေးထုတ်ပေးခြင်းရှိသကဲ့သို့ ၎င်းအရာရှိများမှ တစ်ဆင့် တပ်မတော်ဆေးဘက်ဆိုင်ရာ အရာရှိကြီးများကို အဆင့်ဆင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ အခြေခံအားဖြင့် သင်တန်း သားဗိုလ်လောင်းဘဝကတည်းက လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဗိုလ်လောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် ရှိသင့်ရှိထိုက်သည့် ကိုယ်ခန္ဓာအချိုးအစား၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ကြံ့ခိုင်သန်စွမ်းမှုများရှိရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် နေ့စဉ်လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ စာပေပညာရပ်ဆိုင်ရာများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရသည်ဖြစ်သဖြင့် အာဟာရပြည့်ပြည့်ဝဝ စားသုံးမှသာ ကိုယ်ခံစွမ်းအားကောင်းမွန်စွာဖြင့် လိုက်ပါလုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအတွက် စနစ်တကျတွက်ချက်ပြီး ကျွေးမွေးလျက်ရှိသည့် ရိက္ခာများကိုပြည့်ဝစွာစားသောက်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော်နှင့် တပ်မတော်အတွက် လိုအပ်ချက်ရှိသည့်အတွက် တပ်မတော်ဆေးတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးဘက်ဆိုင်ရာ ပညာရပ်များသာမက စစ်ပညာကိုလည်း သင်ကြားပေးလျက်ရှိသဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှုမှစ၍ စစ်အတတ်ပညာကိုလည်း ကျွမ်းကျင်တတ်မြောက်စေရေး သင်ကြားပေးသည်မှန်သမျှကို စနစ်တကျလေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီး နောက်ပိုင်းလက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်သည့် လူနေမှုပုံစံဖြစ်ရန်လိုကြောင်း၊ တိုက်တွန်းချက်၊ တားမြစ်ချက်များကို အသိ၊ သတိနှင့်ယှဉ်၍ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကို **"ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်"**ဟူသည့် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်တွင် သူနာပြုများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် ပြည်တွင်း လက်နက်ကိုင် သောင်းကျန်းမှုများ ပပျောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ယခုထိတိုင် ကြိုးပမ်းဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ကျန်းမာရေး ကောင်းမွန်မှုမရှိသူများအား ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာအရ ကုသမှုများ ဆောင်ရွက်ရာတွင် ဆေးတပ်ဖွဲ့၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း။

ဆရာဝန်များအနေဖြင့် ကုသမှုများကို ဆောင်ရွက်ကြရပြီး သူနာပြုများအနေဖြင့် ပြုစုကုသမှုများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ လူတိုင်းသည် ကြင်နာမှုကို လိုလားကြပြီး ကျန်းမာရေးမကောင်းသူများအနေဖြင့် ၎င်းတို့အား ကြင်နာစွာဖြင့် ဆေးဝါးကုသမှုဆောင်ရွက်ပေးသည်ကို ပိုမိုလိုလားကြကြောင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအနေဖြင့် တစ်ဖက်သားအပေါ်တွင် ကြင်နာနွေးထွေးသည့် အသိစိတ်ရှိပြီးဖြစ်ကြောင်း၊ ထိုစိတ်အခြေခံအပေါ် အတတ်ပညာများဖြင့် ပေါင်းစပ်လိုက်သည့်အခါ၌ ကြင်နာမှုသည် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူနာပြုတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် လူနာများအပေါ် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်၍ ကြင်နာစွာဖြင့် ပြုစုစောင့်ရှောက်သွားကြစေလိုကြောင်း၊ အခြေခံအားဖြင့် ရှိပြီးသားဖြစ်သည့် ကြင်နာတတ်သည့် အသိစိတ်နှင့် သင်ကြားပေးလိုက်သည့် ဆေးအတတ်ပညာများကို ပေါင်းစပ်အသုံးချ ဆောင်ရွက်သွားမည်ဆိုပါက သူနာပြုကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

**သင်ကြားရေးပိုင်းနှင့် ပတ်သက်၍ အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည်**

သင်ကြားရေးပိုင်းနှင့် ပတ်သက်၍ နည်းပြနှင့် သင်တန်းသားအချိုးကို စနစ်တကျ တွက်ချက်၍ ဖွင့်လှစ်သင်ကြားပေးထားခြင်းဖြစ်သဖြင့် စာပေပညာနှင့် စစ်ပညာ သင်ကြားမှုများကို ဖိဖိစီးစီး ဆောင်ရွက်ကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသူ နည်းပြများအနေဖြင့် သင်တန်းသားများအား လေ့ကျင့်ပေးရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝသည့် သင်တန်းသားများဖြစ်လာစေရေးနှင့် စစ်သားကောင်းဖြစ်အောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ Guardian စနစ်ဖြင့် အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရာတွင် သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စာပေပညာဆိုင်ရာများကောင်းမွန်စေရေး အနီးကပ် တစ်ဦးချင်း ကြပ်မတ်ကွပ်ကဲလေ့ကျင့်သင်ကြားဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ၎င်းတို့၏ အခက်အခဲများအပေါ် မိဘသဖွယ်၊ ညီရင်းအစ်ကိုသဖွယ် **စာမျက်နှာ ၄ သို့ »»**

- ❍ **လူတိုင်းသည် ကြင်နာမှုကို လိုလားကြပြီး ကျန်းမာရေးမကောင်းသူများအနေဖြင့် ၎င်းတို့အား ကြင်နာစွာဖြင့် ဆေးဝါးကုသမှု ဆောင်ရွက်ပေးသည်ကို ပိုမိုလိုလားကြ**
- ❍ **တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအနေဖြင့် တစ်ဖက်သားအပေါ်တွင် ကြင်နာနွေးထွေးသည့်အသိစိတ်ရှိပြီးဖြစ်၊ ထိုစိတ်အခြေခံအပေါ် အတတ်ပညာများဖြင့် ပေါင်းစပ်လိုက်သည့်အခါ၌ ကြင်နာမှုသည် ပိုမိုခိုင်မာအားကောင်းလာမည်**
- ❍ **သူနာပြုတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ချိန်တွင် လူနာများအပေါ် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်၍ ကြင်နာစွာဖြင့် ပြုစုစောင့်ရှောက်သွားကြစေလို၊ အခြေခံအားဖြင့် ရှိပြီးသားဖြစ်သည့် ကြင်နာတတ်သည့်အသိစိတ်နှင့် သင်ကြားပေးလိုက်သည့် ဆေးအတတ်ပညာများကို ပေါင်းစပ်အသုံးချ ဆောင်ရွက်သွားမည်ဆိုပါက သူနာပြုကောင်းများဖြစ်လာမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

»»» **စာမျက်နှာ ၃ မှ**

သဘောထား၍ တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝသည့် နည်းပြများ၊ ဆရာဆရာမများကို ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်သဖြင့် မိမိတို့ ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ၊ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကို အသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုပြီး ဆေးဘက်ပညာဆိုင်ရာ အရာရှိကောင်းများကို မွေးထုတ်ပေးရန်လိုကြောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ကောင်းမွန်ပြီး အရည်အသွေးရှိသည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ မွေးထုတ်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် ဆေးဘက်ဆိုင်ရာ အရာရှိများအနေဖြင့် အခြေခံအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်သူများဖြစ်ပြီး မိမိတို့ သင်ယူတတ်မြောက်ထားသည့်ဆေးပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော် ဆေးတက္ကသိုလ်အနေဖြင့် ကမ္ဘာ့နိုင်ငံများရှိ ဆေးတက္ကသိုလ်များအနက် အဆင့်တစ်ခုတွင်ရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သဖြင့် မိမိတို့တက်ရောက်နေရသည့် တက္ကသိုလ်အတွက် ဂုဏ်ယူကြရန်လိုကြောင်း၊ ယခင်က သင်တန်းသားများကိုသာ ခေါ်ယူလေ့ကျင့်ပေးလျက်ရှိသော်လည်း လက်ရှိအချိန်တွင် အမျိုးသမီးသင်တန်းသူများကိုလည်း ခေါ်ယူလေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ဆေးပညာရပ်သည် အရေးကြီးသည့်ဘာသာရပ်ဖြစ်သဖြင့် စနစ်တကျသင်ယူလေ့လာကြရန်မှာကြားလိုကြောင်း၊ ထို့ပြင် အဆင့်မြင့်ဆေးပညာရပ်များကို သင်ယူလျက်ရှိသည့် မဟာဘွဲ့လွန် သင်တန်းသားများအနေဖြင့်လည်း မိမိတို့သင်ယူနေရသည့် ဘာသာရပ်အလိုက် အလေးထားသင်ယူလေ့လာသွားကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လိုကြောင်း။

**မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်၍ ဘဝတိုးတက်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်**

အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့်အခြေခံကောင်းများကိုယခုတက္ကသိုလ် ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်း၍ ကြိုးစားသင်ယူသွားရန်လိုအပ်သကဲ့သို့ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် စာပေဖတ်မှတ်လေ့လာခြင်းများကို ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းကို မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ စာပေဗဟုသုတ၊ ပညာရပ်ဆိုင်ရာ ဗဟုသုတ၊ နိုင်ငံရေးဆိုင်ရာဗဟုသုတ စသည်ဖြင့် နယ်ပယ်အလိုက် အသိပညာဗဟုသုတ ကြွယ်ဝစေရေး စာပေဖတ်မှတ်လေ့လာနေရမည်ဖြစ်ကြောင်း။

မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း မွေးမြူကြရန်လိုကြောင်း၊ ဘဝတိုးတက်လမ်းကို အထောက်အကူမဖြစ်စေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကို အသိသတိဖြင့် ရှောင်ကြဉ်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ ဖြစ်လာစေရေး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်သွားကြရန်လိုကြောင်း၊ **ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့် ဆေးပညာရပ်များများစွာရှိနေသည့်အတွက် နည်းပြအရာရှိများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် သင်တန်းသား ဗိုလ်လောင်းများ၊ ဆေးဘက်ဆိုင်ရာ သင်တန်းသား သင်တန်းသူများအနေဖြင့် ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများနှင့် အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့သို့ ရောက်ရှိနေစဉ်အတွင်း တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးတို့က ကျောင်းဌာနချုပ်ခန်းမအသီးသီး၌ လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်တို့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းအုပ်ကြီးများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများတွင် အဓိကတာဝန်ရှိကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက စည်းကမ်းစနစ်တကျရှိစေရေး၊ စာပေဆိုင်ရာ တာဝန်ရှိသူက ထူးချွန်ထက်မြက်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ ပေါ်ထွက်လာရေး၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းသည့် အရာရှိကောင်းများ ဖြစ်ပေါ်လာရေး စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်ပေးကြရန်လိုကြောင်း၊ အလားတူ မဟာဘွဲ့လွန်သင်တန်း တက်ရောက်သူ အရာရှိများအနေဖြင့် အခြားနိုင်ငံများနှင့် ပညာရပ်ပိုင်းဆိုင်ရာများတွင် ရင်ပေါင်တန်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဘွဲ့လွန်သင်တန်းသားများ ပညာရည်ပြည့်ဝစေရေး၊ ကြိုးစားအားထုတ်မှုကောင်းမွန်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ပြည့်ဝစေရေးအတွက်လည်း ဖြည့်ဆည်းပေးရန်လိုကြောင်း မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆေးရုံတပ်မှူးက အစည်းအဝေးခန်းမတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့် ဆေးရုံအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ရှင်းလင်းတင်ပြစဉ်။

# ချည်မျှင်နှင့် အထည်စက်ရုံများသည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များ ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာ အဝတ်အထည်များ အသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) စက်ရုံအစည်းအဝေးခန်းမ၌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော်ဝါစိုက်ပျိုးရေး တပ်များက ဝါစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်မတော်ဝါစိုက်ပျိုးရေး တပ်များသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စိုက်ပျိုးရာသီအလိုက် လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်စိုက်ပျိုးသွားရန် လျာထား ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ စက်ရုံမှူး ဦးခိုင်ရွှေက တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ထမ်းများ ခန့်အပ်ထားရှိမှုနှင့် ဝန်ထမ်းများ၏ သက်သာ ချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရေးအတွက် မြေအရည်အသွေး စစ်ဆေးခြင်း သုတေသနလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး မြေဆီလွှာ အမျိုးအစားအလိုက် စနစ်တကျ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် သွင်းအားစုများ အပြည့်အဝ ထည့်သွင်းရန်နှင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးရန်လည်း လိုကြောင်း၊ စိုက်ပျိုးသည့် မြေ အမျိုးအစားအလိုက် ထွက်ရှိသင့်သည့်အထွက်နှုန်းများကို လေ့လာဆန်းစစ်ရန်နှင့် အထွက်နှုန်း ပြည့်မီစေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ဝါစိုက်ပျိုးမှုနှင့် ပတ်သက်၍တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစား ဝါများ ထွက်ရှိအောင် ကြိုးစား ဆောင်ရွက်ကြရန် လိုကြောင်း၊

စာမျက်နှာ ၆ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။

- ✤ **ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစား ဝါများထွက်ရှိအောင် ကြိုးစားဆောင်ရွက်**
- ✤ **ဝါအမျိုးအစား အများအပြားစိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့် ဝါများထွက်ရှိလာအောင် ဆောင်ရွက်**
- ✤ **တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)အနေဖြင့် တပ်မတော်မှ လိုအပ်သည့် အဝတ်အထည်နှင့် ချည်အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ခြင်းဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စက်ရုံထုတ် အထည်အလိပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

❍ စာမျက်နှာ ၅ မှ

ဝါအမျိုးအစား အများအပြား စိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့် ဝါများထွက်ရှိလာအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ပိတ်စအထည်အလိပ်များ ကောင်းမွန်ရန်အတွက် အခြေခံဖြစ်သည့် ဝါသည် ကောင်းမွန်ရမည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုမှ အရည်အသွေးမြင့်ဝါများ ထွက်ရှိလာရန်လည်း လိုအပ်ကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)အနေဖြင့် တပ်မတော်မှလိုအပ်သည့် အဝတ်အထည်နှင့် ချည် အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှ ချည်မျှင်နှင့် အထည်အလိပ်များကို တင်သွင်းရလျက်ရှိပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန်အတွက် ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နေ့စဉ် ဝတ်စားဆင်ယင်မှုတွင် အသုံးများသည့် တီရှပ်၊ စွပ်ကျယ်ကဲ့သို့သော အခြေခံအဝတ်အထည်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း။

**အရည်အသွေးပြည့်မီစွာ ထုတ်လုပ်**

အဝတ်အထည်များအား အရောင်အသွေးစုံလင်စွာဖြင့် ဈေးကွက်အတွင်း လူကြိုက်များသည့် ပုံစံအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချသွားရန် လိုကြောင်း၊ အခြားဈေးကွက် လိုအပ်ချက်ရှိသည့် ဟိုတယ်သုံးပစ္စည်းများနှင့် ပုဂ္ဂလိကသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ ဈေးကွက်ရရှိရေး စဉ်းစားဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ လုပ်ငန်းအောင်မြင် တိုးတက်စေရေးအတွက် သုတေသနပြုလုပ်ငန်းများအား ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ချည်မျှင်နှင့်အထည် စက်ရုံများသည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် စက်ရုံထုတ် အထည်အလိပ် ပစ္စည်းများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ချည်မျှင်နှင့် အထည်များ အဆင့်ဆင့် ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

**တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)မှ ချည်မျှင်ညို၊ တက်ထရက်ပိတ်ညို၊ စွပ်ကျယ်ပိတ်ညို၊ ပဝါပိတ်ညို၊ သင်္ကန်းများ၊ တက်ထရက်ပိတ်ရောင်စုံ၊ စွပ်ကျယ်ပိတ်ရောင်စုံ၊ ပဝါရောင်စုံ၊ တီရှပ်မျိုးစုံ၊ စပို့ရှပ်မျိုးစုံ၊ နိုင်လွန်တာဖက်တာများ၊ ဆေးဂွမ်းလိပ်များ၊ အိပ်ရာခင်း ရောင်စုံတို့အပြင် အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ တပ်မတော်၏ လိုအပ်ချက်နှင့် ပြည်တွင်းဈေးကွက် လိုအပ်ချက်အား ဈေးနှုန်းသက်သာစွာဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇွန် ၁၀

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့၌ ရုံးဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသော ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ပြည်နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ရုံးအဆောက်အအုံများ ဥပဓိရုပ်ခံ့ထည်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများနှင့် ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းများစားသောက်နေထိုင်ရေး စီမံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ပံ့ပိုးဖြည့်ဆည်း**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ အခက်အခဲများ၊ လိုအပ်ချက်များ မေးမြန်းခဲ့ပြီး ရေ၊ မီး လိုအပ်ချက်၊ ရုံးသုံးစက်ကိရိယာ လိုအပ်ချက်များ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဌာနများအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံမှ ကွမ်းသီးများကို ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းသို့ တင်ပို့လျက်ရှိ

ရန်ကုန် ဇွန် ၁၀

ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံဘက်မှ ကွမ်းသီးများကို ကော့သောင်းမှတစ်ဆင့် ရနောင်းသို့ တင်ပို့မှုရှိနေကြောင်း မြိတ်မြို့နယ်ရှိ ကွမ်းသီးရောင်းဝယ်ရေး အကျိုးတော်ဆောင်များထံ မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

**ပေးပို့နေ**

လက်ရှိ အနေအထားတွင် ဘုတ်ပြင်းမြို့ဘက်မှ ထွက်သော ကွမ်းသီးများကိုလည်း ကော့သောင်းမှ တစ်ဆင့် ထိုင်းနိုင်ငံဘက် ပေးပို့နေကြောင်း သိရသည်။

"ကော့သောင်း – ရနောင်းလမ်းကြောင်း အခြေအနေကတော့ လက်ရှိမှာက ဘုတ်ပြင်းဘက်က ကွမ်းသီးတော်တော်များများ ကော့သောင်းကနေပြန်ဆင်းနေတယ်။ ကွမ်းသီးကခါတိုင်းဆို ဒီကနေ ရန်ကုန်၊ ရန်ကုန်ကနေမှ တစ်ခါ အိတ်စ်ပို့ ပို့တယ်။ ခါတိုင်းမထွက်တဲ့ ကွမ်းသီးတောင် ဒီနှစ်တော့ (ထိုင်းဘက်) ထွက်တယ်။ ကော့သောင်းကနေ ရနောင်းပြန်ဝင်တယ်၊ အခုနှစ်မှာ အိတ်စ်ပို့က ကွမ်းသီးဆိုအခြမ်း များတယ်" ဟု မြိတ်မြို့နယ်ရှိ ကွမ်းသီးကုန်သည်တစ်ဦးက ရှင်းပြသည်။

လက်ရှိ ကော့သောင်း–ရနောင်းလမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နေပြီး ထိုင်းနိုင်ငံဘက်မှ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ကို ပြန်လည် တင်သွင်းနေကြောင်းလည်း သိရသည်။

"ရေထွက်ပစ္စည်း အဓိကအများဆုံးပို့တာက ထိုင်းကိုပါ။ အဓိက သူတို့ကအသုံးများတယ်။ အစားများတယ်။ ကော့သောင်း – ရနောင်းကနေပို့တာပါ။ နောက်လေ့တွေ ဘာတွေမှာ သုံးတဲ့ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းလည်း ထိုင်းဘက်က ဝင်တာပါ။ စားသောက်ကုန်တွေလည်း ဒီလမ်းကြောင်းကနေဝင်တာ ရှိပါတယ်" ဟု ကော့သောင်းမြို့နယ်ရှိရေထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**Thit Taw**

# ခရမ်းမြို့၌ ရာသီဥတုအညွန်းကိန်း အခြေပြု သီးနှံအာမခံဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့၌ မြန်မာ့အာမခံလုပ်ငန်းနှင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် တာဝန်ရှိသူတို့သည် ရာသီဥတုအညွန်းကိန်းသီးနှံအာမခံလုပ်ငန်းနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တောင်သူများသို့ အသိပညာပေး ဆွေးနွေးပွဲကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက ခရမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရမ်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း၊ ရန်ကုန်တောင်ပိုင်းခရိုင်ရုံး တာဝန်ခံ ဒေါ်စံပယ်ခင်က ရာသီဥတုအညွန်းကိန်း အခြေပြုသီးနှံအာမခံလုပ်ငန်း ရည်ရွယ်ချက်၊ အာမခံထားရှိခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ သီးနှံအာမခံလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မြို့နယ်မန်နေဂျာ ဦးဝင်းဇော်က စိုက်ပျိုးစရိတ် ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ခရမ်းမြို့ မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြား

- **ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားရမည်၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေချိန်တွင် လုံခြုံမှုနှင့် တည်ငြိမ်မှုရှိရန်လို**
- **မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်ပညာရေးနှင့် စီးပွားရေးဆိုင်ရာအားနည်းချက်များရှိခဲ့၊ အဆိုပါအားနည်းချက်များကြောင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ခဲ့ရ၊ မိမိတို့နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်သည် လုံခြုံရေးနှင့်ပတ်သက်၍ အားနည်းချက်များ ရှိနေဆဲဖြစ်**
- **ရာဇဝတ်မှုများဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ အသိပညာဗဟုသုတ အားနည်းသူများအနေဖြင့် ကောင်းမှုနှင့်မကောင်းမှုကို ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အားနည်းပြီး မကောင်းမှုဒုစရိုက်များကို ကျူးလွန်နိုင်ချေမြင့်မားသဖြင့် အသိပညာနှင့် ဆင်ခြင်တုံတရားများ ရရှိရေးအတွက် တိုက်တွန်းနှိုးဆော်ချက်များ ဆောင်ရွက်ခြင်း၊ လှုံ့ဆော်ပညာပေးမှုဆောင်ရွက်ခြင်း၊ သတင်းများထုတ်ပြန်ပေးခြင်းအပါအဝင် အခြားနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးသွားရန်လို**

**နေပြည်တော် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အစောပိုင်းကာလများ၌ ရန်ကုန်တိုင်းဒေသကြီး အတွင်း ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက် ဖျက်ဆီးမှုများအထိ ဖြစ်ပေါ်လာခဲ့သဖြင့် အချို့သောမြို့နယ်များကို စစ်အုပ်ချုပ်ရေး ကြေညာ၍ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့သောဒေသများ၌ အကြမ်းဖက်မှုများ ဖြစ်ပေါ်နေဆဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ မည်သည့်နေရာ၌မဆို လွတ်လပ်စွာဖြင့် သွားလာ၍ရသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ သို့သော်လည်း အကြမ်းဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကိုရယူ၍ အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်ရန် ကြံစည်ဆောင်ရွက်လျက်ရှိသဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲမပြတ် စောင့်ကြည့်နေရမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း အကြမ်းဖက်သမားများ၏ အငွေ့အသက်များ ကင်းစင်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်ရန် လိုကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ် အေးချမ်းရေးနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေချိန်တွင် လုံခြုံမှုနှင့် တည်ငြိမ်မှုရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်ပညာရေးနှင့် စီးပွားရေးဆိုင်ရာ အားနည်းချက်များရှိခဲ့ကြောင်း၊ အဆိုပါအားနည်းချက်များကြောင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်သည် လုံခြုံရေးနှင့်ပတ်သက်၍ အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ ရာဇဝတ်မှုများ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ အသိပညာဗဟုသုတ အားနည်းသူများ အနေဖြင့် ကောင်းမှုနှင့် မကောင်းမှုကို ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အားနည်းပြီး မကောင်းမှုဒုစရိုက်များကို ကျူးလွန်နိုင်ချေ မြင့်မားသဖြင့် အသိပညာနှင့် ဆင်ခြင်တုံတရားများ ရရှိရေးအတွက် တိုက်တွန်းနှိုးဆော်ချက်များ ဆောင်ရွက်ခြင်း၊ လှုံ့ဆော်ပညာပေးမှု ဆောင်ရွက်ခြင်း၊ သတင်းများထုတ်ပြန်ပေးခြင်းအပါအဝင် အခြားနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တာဝန်ရှိသူများက ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက ရန်ကုန်တိုင်းဒေသကြီး အတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တပ်နယ်များအလိုက် ရပ်ကွက်၊ ကျေးရွာများတွင်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက် ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်မြို့သန့်ရှင်းသာယာ လှပရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးဇုန်များ၌ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ ဂရုပြုဆောင်ရွက်ရန်လိုအပ်မှု၊ စစ်ဆေးရေးဂိတ်များ စနစ်တကျဖြစ်ရန်လိုအပ်မှု၊ ရွှေဈေးနှင့် နိုင်ငံခြားငွေဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှု၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်မှု၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လှုံ့ဆော်သူများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း တိုက်တွန်းချက်၊ နှိုးဆော်ချက်များကို ပြည်သူများသိရှိစေရေး သတင်းမီဒီယာများမှတစ်ဆင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ၏စားရေးကို အထောက်အကူပြုစေရန်အတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုပေးထားသည့် မြေများကို စနစ်တကျ အသုံးပြုရန်လိုကြောင်း၊ ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေး အတွက် သက်ဆိုင်ရာ မြို့နယ်များအလိုက် ကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက် ခြံဝင်းရှိသည့် အိမ်များအားလုံးတွင် သစ်ပင်များစိုက်ပျိုးစေရေးနှင့် အန္တရာယ်ရှိသည့် သစ်ပင် သစ်ကိုင်းများကိုလည်း စည်ပင်သာယာ ဦးစီးဌာနမှ စနစ်တကျ ခုတ်ထွင်ပေးခြင်းများကိုဆောင်ရွက်ပေးရန် လိုကြောင်း၊ သစ်ပင်မရှိသည့် နေရာများတွင် သစ်ပင်များစိုက်ပျိုးစေရေး၊ သစ်ပင်များစိမ်းလန်း စိုပြည်နေစေရေး အတွက် ပြည်သူလူထုမှသိရှိရန်နှင့် ပြည်သူလူထုမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးနှင့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် မစ္စတာ မူတာ့ဇ် အဗ္ဗဒူလာ အဗ္ဗဒူလ်ဂျာလဲလ် မိုဟာမက် အယ်လ်ဖာဟင်းမ်အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် မစ္စစ် ပွန်နမ်ပီရူးမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူးမားအား နံနက် ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် သံအမတ်ကြီးအား ပထမဦးဆုံး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ယူအေအီးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ယူအေအီး နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အလားတူ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူးမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူးမားတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

# ဒုတိယဝန်ကြီး ဦးစိုးကြည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီရိရတနာမူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်လေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားလေ့ကျင့်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ပြောကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းလမ်းများကို ပြည်သူလူထုကကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ရန်၊ နှစ်အလိုက် ကျောင်းတွင်းလှုပ်ရှားမှု ဆောင်ရွက်ချက်များဖြစ်ကြသည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ လေ့လာရေးအစီအစဉ်များနှင့် မိဘအသိပညာပေး အစီအစဉ်များကို ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး မူကြိုတက်ရောက်လျက်ရှိသော ရင်သွေးငယ်များအတွက် အာဟာရမုန့်များနှင့် ပဲနို့အာဟာရများ ပေးဝေသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် လူမှုဝန်ထမ်းရုံးသို့သွားရောက်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် လူမှုဝန်ထမ်း လုပ်ငန်းပိုင်းဆိုင်ရာများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန နေပြည်တော်ကောင်စီဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံသို့ ရောက်ရှိပြီး ပစ္စည်းများသိုလှောင်ထားရှိမှု၊ ထောက်ပံ့ရေးလုပ်ငန်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်သိရှိသတိပြုကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အုတ်တွင်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ညောင်ပင်ကြီးကျေးရွာရှိ ဗောဓိရတနာကျောင်းတိုက် ဝင်းတွင် ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းသန်းထိုက်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ စိန်ပန်း၊ ခရေ၊ ပျဉ်းမ၊ မန်ကျည်း၊ ဒန့်သလွန်၊ ပိန္နဲ၊ သခွတ်၊ ကံ့ကော်၊ ပိတောက် စုစုပေါင်း ၅၂၅ ပင် စုပေါင်း စိုက်ပျိုးခဲ့ကြောင်းသိရသည်။



**ခင်ခင်မာ(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ကျိုင်းတုံမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**ကျိုင်းတုံ ဇွန် ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး (ကျိုင်းတုံ)နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး (ကျိုင်းတုံ)မှ ရဲတပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၉ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းက အမှာစကားပြောကြားပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံး(ကျိုင်းတုံ)နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(ကျိုင်းတုံ)ရှိ ရဲတပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၏ သားသမီး အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၄၉ ဦး အတွက် ၂၀၂၄-၂၀၂၅ ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ စုစုပေါင်းငွေကျပ် သိန်း ၅၀ ကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




**အောင်ဇင်မြင့်(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

နေပြည်တော် ဇွန် ၁၀

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများ၊ CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များဖွဲ့စည်းပြီး အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ CPU အဖွဲ့များအနေဖြင့် လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပြည်သူ့ဘဏ္ဍာ ဆုံးရှုံးမှုလျော့နည်းရေး၊ ဌာနဆိုင်ရာများ၏ ဝန်ဆောင်မှုများကို လူထုထံသို့ ပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းပပျောက်စေရေး လုပ်ငန်းစဉ်များကို အထူးအလေးထား စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် စုံစမ်းစစ်ဆေးရေး၊ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး လုပ်ငန်းများကို တစ်ပြိုင်တည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်ရာတွင် အဂတိ လိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းက စုံစမ်းစစ်ဆေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပိုင်ဆိုင်မှုကြေညာလွှာစိစစ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာသွန်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဥပဒေရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ဖြူပွင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့်အဖွဲ့သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံ၊ အားသာချက်၊ အားနည်းချက်၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဆီထွက်သီးနှံနှင့် ဝါအပါအဝင် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဆိုလာစိုက်ပျိုးရေတင်စနစ်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအကြို ညှိနှိုင်းအစည်းအဝေးနှင့် ဆီထွက်သီးနှံနှင့် ဝါအပါအဝင် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဆိုလာစိုက်ပျိုးရေတင်စနစ်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ် ၃၆ ၌ ကျင်းပသည်။



### အကျိုးပြုနိုင်ခဲ့

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ရေရရှိရေးလုပ်ငန်း ၁၇၈၀၊ မီးလင်းရေးကျေးရွာ ၉၄၀၊ ဆိုလာစိုက်ပျိုးရေတင်စနစ် လုပ်ငန်း ၉၈ခု၊ ကျေးလက်ကုန်ထုတ်လမ်း ၅၃၂ မိုင်၊ ကုန်ထုတ်တံတား ၁၁၅၉ စင်း၊ ကျေးလက်အိမ်ရာ ၃၂ လုံး၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကျေးရွာ ၂၄၃ ယူနစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ၁၈၆၄ ရွာ၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ၄၅ ရွာ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း ၅၂ ယူနစ်၊ Cash for Work စီမံကိန်းကျေးရွာ ၉၈ ရွာ၊ အသက်မွေးဝမ်းကျောင်းသင်တန်း ၄၁၂ ကြိမ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများမှ ကျေးရွာပေါင်း ၅၅၃၈ ရွာ၊ အိမ်ထောင်စု ၂ ဒသမ ၄၄ သန်း၊ လူဦးရေ ၁၂ ဒသမ ၉သန်းကို အကျိုးပြုနိုင်ခဲ့ကြောင်း။

ဆီထွက်သီးနှံနှင့် ဝါအပါအဝင် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် သွင်းအားစုနှင့် ငွေကြေး အရင်းအနှီးများအား မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းများမှ ထောက်ပံ့ဆောင်ရွက်ပေးခြင်းနှင့် ဆိုလာစိုက်ပျိုးရေတင်စနစ် ဆောင်ရွက်ပေးခြင်းတို့ကို ဆက်စပ် ဦးစီးဌာနများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေး၊ ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားသာချက် အားနည်းချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မောက်မယ်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မောက်မယ် ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)စျေးတန်း၌ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်အဆင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုလွင်၊ ဥပဒေအရာရှိ ဦးအောင်စိုးမိုး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသန့်ဇင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းတို့က ကလေးသူငယ်များ၏အခွင့်အရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက်သက်ဆိုင်ရာဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကလေးအလုပ်သမားနှင့်ပတ်သက်ပြီး အသက်အပိုင်းအခြား၊ ကာလအပိုင်းအခြား၊ ကလေးတစ်ဦးတစ်ယောက်ဖြစ်ကြောင်း အထောက်အထားများ၊ ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာဥပဒေပုဒ်မများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်အား ဦးစီးအရာရှိဒေါ်နန်းမိုခမ်းက ရှင်းလင်းပြသပြီး ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ် )



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# “ပြဿနာရဲ့အရင်းအမြစ်နဲ့ အဓိကအဟာန့်အတားကဘာလဲ” ဆိုသည်ကို ထင်ဟပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဟောင်း၏ ပြောဆိုချက်

မိုးမြင့်

မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဖြေရှင်းရခက်နေတဲ့ အရှုပ်အထွေး တစ်ခုအပေါ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က အပြုသဘောဆောင်တဲ့ မှတ်ချက်တွေကြောင့် အမှန်အတိုင်းရှိနေတဲ့ ပကတိအခြေအနေမှန်တစ်ခုကို ကမ္ဘာ့ပြည်သူတွေ သိခွင့်၊ မြင်ခွင့်ရခဲ့ပါပြီ။ မြန်မာ့သမိုင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လူမျိုးတစ်ခုရဲ့ အရေးအရာဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးသမိုင်းမှာ အမြဲတမ်းကစားနေကျ နိုင်ငံရေးခွင်တစ်ခုအဖြစ် အမြဲအသုံးချခံခဲ့ရပါတယ်။ အထူးသဖြင့် BNP လို့ခေါ်တဲ့ ဘင်္ဂလားဒေ့ရှ်အတိုက်အခံပါတီဟာ မြန်မာလူမျိုးတွေ လက်မခံတဲ့ ရိုဟင်ဂျာအမည်ကို အမြဲသုံးပြီး ပြောင်ပြောင်တင်းတင်း နိုင်ငံရေးလုပ်စားခဲ့ကြဖူးပါတယ်။ ယခုလက်ရှိအာဏာရ ရှိတ်ဟာစီနာ ခေါင်းဆောင်တဲ့ အဝါမီလိဂ်ပါတီကတော့ BNP နဲ့စာရင် ဆန့်ကျင်ဘက်အပြုသဘောဆန်တဲ့ဘက်မှာ ရပ်တည်လာနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ယခင်နိုင်ငံခြားရေးဝန်ကြီး လက်ရှိလွှတ်တော်ကော်မတီဥက္ကဋ္ဌ၏ အမြင်**

ဆိုရရင် နှစ်နိုင်ငံအကြား အငြင်းအခုံဖြစ်နေရတဲ့ ဘင်္ဂါလီအရေးမှာ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းက ဒုက္ခသည်တွေကို မြန်မာနိုင်ငံဘက်သို့ ပြန်ခေါ်ရေးဟာ ယခင်ကတည်းက နှစ်နိုင်ငံအကြား သဘောတူညီထားပြီး ကိစ္စရပ်ဖြစ်ပါတယ်။ ဒုက္ခသည်တွေ နေရပ်ပြန်ခေါ်ရေးမှာ မြန်မာနိုင်ငံအစိုးရဘက်က စိတ်အားထက်သန်မှု အမှတ်လက္ခဏာတွေကို အကြိမ်ကြိမ်ပြသခဲ့ပြီးလည်း ဖြစ်ပါတယ်။ အကောင်အထည် မပေါ်နိုင်သေးတဲ့ အချက်တွေရှိရာမှာ ဘယ်လိုအချက်တွေကြောင့်လဲဆိုတာ ယခုဘင်္ဂလားဒေ့ရှ်ဘက်က ထုတ်ဖော်ပြောဆိုလာပြီ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာခဲ့သူတွေကို မြန်မာနိုင်ငံက ပြန်လည်လက်ခံရေးကိစ္စနဲ့စပ်လျဉ်းပြီး အခြေအနေမှန်ကို ပြောကြားခဲ့သူက ယခင်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အေကေ အဗ္ဗဒူမိုမန် (Mr.A K Abdul Moman) ဖြစ်ပါတယ်။ သူဟာလက်ရှိမှာဘင်္ဂလားဒေ့ရှ်လွှတ်တော် နိုင်ငံခြားရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေပြီး ဘင်္ဂလားဒေ့ရှ်သတင်းဌာနတစ်ခုဖြစ်တဲ့ Daily Jugantor နဲ့ တွေ့ဆုံရာမှာ ယခုလို ဖြေကြားပြောဆိုခဲ့တာပဲဖြစ်ပါတယ်။

**သူတို့ဘက်ကတော့ ထုံးစံအတိုင်း ဘင်္ဂါလီကို ရိုဟင်ဂျာအသုံးအနှုန်းပဲ သုံးစွဲပါတယ်။ ကျွန်တော်တို့ဘက်ကတော့ မြန်မာတိုင်းရင်းသား ၁၃၅ မျိုးထဲမှာမပါတဲ့အတွက် ဘင်္ဂါလီလူမျိုးကို ဘင်္ဂါလီလို့ပဲ သုံးနှုန်းပါရစေ။ ကော်မတီဥက္ကဋ္ဌအနေနဲ့က ဒုက္ခသည်တွေ နေရပ်မပြန်ရခြင်း အကြောင်းကို သူ့နိုင်ငံအတွင်းမှာ အမြစ်တွယ်လိုက်စားနေတဲ့ နာတာရှည်**

> **“ဒုက္ခသည်တွေအနေနဲ့ မြန်မာနိုင်ငံကိုပြန်ဖို့ အခြေအနေကောင်းတွေမရှိသေးကြောင်း၊ ပြန်လည်နေရာချထားရေးအတွက် အစီအစဉ်ကောင်းတွေလည်းမရှိသေးကြောင်း စသည်ဖြင့် ထိုအဖွဲ့အစည်းတွေရဲ့ ဝါဒဖြန့်မှုတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယခင်နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်အသိပေးပြောကြားခဲ့ပါတယ်။ ၎င်းရဲ့ပြောကြားချက်တွေထဲမှာ ဒုက္ခသည်တွေနေဖို့ အဲဒီဒေသမှာ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က နေအိမ်တွေ ကောင်းကောင်းဆောက်ပေးထားတဲ့အချက်ကို ဘင်္ဂလားဒေ့ရှ်ကော အမေရိကန်ကပါ အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ ဒုက္ခသည်တွေကို မြန်မာနိုင်ငံဘက် မပြန်ခိုင်းဘဲ အမေရိကန်နိုင်ငံကို ခေါ်ယူမယ်ဆိုပြီး မက်လုံးပေးကြပြန်တယ်လို့ ဥက္ကဋ္ဌကပြောပါတယ်။ ဒါကြောင့် နှစ်နိုင်ငံအကြား ဒုက္ခသည်အရေးကို နှစ်နိုင်ငံချင်းသာ ညှိနှိုင်းဖြေရှင်းသင့်တယ်လို့ ဥက္ကဋ္ဌဘက်က ပိုယုံကြည်သွားပါတယ်။ အခြားတတိယနိုင်ငံ၊ တတိယအဖွဲ့အစည်း ဘယ်လို Third party မျိုးကိုမှ မလိုအပ်ဘဲ ထိုအဖွဲ့အစည်းနဲ့နိုင်ငံတွေအပေါ် ယုံကြည်မှုကင်းမဲ့သွားတဲ့သဘောကို ယခုလိုပြောဆိုလိုက်ခြင်းအားဖြင့် နှစ်နိုင်ငံနဲ့ပဲဆိုင်တဲ့ နှစ်နိုင်ငံကြား ပြဿနာဖြစ်ကြောင်းကို ပိုပြီးအလေးအနက်ထားလာခြင်းဖြစ်တယ်လို့ သုံးသပ်မိပါတယ်။”**

ကင်ဆာဆဲလ်များအဖြစ် တင်စားသွားခဲ့ပါတယ်။ ဒုက္ခသည်တွေကို မြန်မာနိုင်ငံက ပြန်ခေါ်ဖို့ အစီအစဉ်ရှိကြောင်းကို သူ့အနေနဲ့ အသိအမှတ်ပြုသွားခဲ့ပါပြီ။ အဓိကအဟာန့်အတားနဲ့ လက်သည်တရားခံက ကုလသမဂ္ဂမဟာမင်းကြီးရုံး (UNHCR)၊ နိုင်ငံအချို့နဲ့ မီဒီယာများ၊ နိုင်ငံအချို့လို့ဆိုရာမှာ အဓိကက အမေရိကန်ဖြစ်ကြောင်း ထောက်ပြသွားပါတယ်။

**အဓိကလက်သည်တရားခံများဟု ဘာကြောင့်ဆိုရပါသလဲ**

ဘင်္ဂလားဒေ့ရှ်လွှတ်တော် ကော်မတီဥက္ကဋ္ဌရဲ့ဖြေကြားချက်အရ UNHCR၊ အမေရိကန်နဲ့ အပေါင်းပါမီဒီယာတွေဟာ ဒုက္ခသည်တွေကို မြန်မာနိုင်ငံသို့မပြန်ကြဘဲ လက်ရှိဒုက္ခသည်စခန်းတွေမှာပဲ နေထိုင်ကြဖို့၊ လိုအပ်တဲ့စားနပ်ရိက္ခာတွေကိုလည်း ထောက်ပံ့ပေးမှာဖြစ်တဲ့ အကြောင်း စည်းရုံးပြောဆိုနေခဲ့တယ်လို့ သိရပါတယ်။ ယခင် ၁၉၉၀ ပြည့်နှစ်များမှာ မြန်မာနိုင်ငံဘက်က ဒုက္ခသည်တွေကို အောင်အောင်မြင်မြင် ပြန်လည်ခေါ်ဆောင်ခဲ့တဲ့သမိုင်းကြောင်း ရှိခဲ့ကြောင်းကိုလည်း အသိအမှတ်ပြု ပြောကြားခဲ့တဲ့အပြင် ဒီအချက်ဟာ အဲဒီကာလက အရေးအတွက်နည်းပါးလှတဲ့ မီဒီယာတွေကြောင့် အခြေအနေမှန်ကို အမှန်အတိုင်းသိခွင့်ရခဲ့ခြင်းဖြစ်ပြီး ယခုအချိန်မှာတော့ မှိုလိုပေါက်လာတဲ့ မီဒီယာတွေကြောင့်ဖြစ်ပြီး ဒုက္ခသည်တွေ နေရပ်မပြန်ကြဖို့သာ အလေးပေးဖော်ပြကြတဲ့၊ မရိုးသားလိမ်လည်လှည့်ဖျားတဲ့ မီဒီယာတွေကြောင့်ဆိုတဲ့ အခြေအနေမှန်ကို ယခုလို ဖော်ထုတ်ပြောဆိုခဲ့ခြင်းဖြင့် အနာဂတ်မှာ ဒုက္ခသည်တွေအရေးဟာ အားရစရာတိုးတက်မှုများ ရှိလာမှာဖြစ်ကြောင်း သုံးသပ်နိုင်မှာဖြစ်ပါတယ်။

လက်ရှိသူတို့နိုင်ငံက ဒုက္ခသည်တွေအရေး ယခုလိုကြန့်ကြာနေရတာဟာ UNHCR လို နိုင်ငံတကာအဖွဲ့တွေရဲ့ လက်ချက်ဖြစ်ကြောင်း၊ စီးပွားရေးအရ အသုံးချနေကြခြင်း ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းတင်မက ကမ္ဘာတစ်ဝန်းက ဒုက္ခသည်စခန်းအားလုံးမှာလည်း စီးပွားရေးအရ ဒီလိုလုပ်ကွက်တွေရှိနေတာ အစဉ်အလာတစ်ခုဖြစ်ကြောင်းအတိအလင်းထောက်ပြခဲ့တာတွေ့ရပါတယ်။ ဒုက္ခသည်တွေမရှိရင် ဒီအဖွဲ့တွေအနေနဲ့ အလုပ်လက်မဲ့ဖြစ်သွားမယ့်အရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယခင်နိုင်ငံခြားရေးဝန်ကြီးက မှတ်ချက်ပြုသွားခဲ့ပြီဆိုတော့ အခြေအနေမှန်ကို နားလည်လက်ခံလာတဲ့ သဘောလို့ ယူဆရပါမယ်။

ဒုက္ခသည်တွေအနေနဲ့ မြန်မာနိုင်ငံကိုပြန်ဖို့ အခြေအနေကောင်းတွေ မရှိသေးကြောင်း၊ ပြန်လည်နေရာချထားရေးအတွက် အစီအစဉ်ကောင်းတွေလည်း မရှိသေးကြောင်း စသည်ဖြင့် ထိုအဖွဲ့အစည်းတွေရဲ့ ဝါဒဖြန့်မှုတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယခင်နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်အသိပေးပြောကြားခဲ့ပါတယ်။ ၎င်းရဲ့ပြောကြားချက်တွေထဲမှာ ဒုက္ခသည်တွေနေဖို့ အဲဒီဒေသမှာ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က နေအိမ်တွေကောင်းကောင်းဆောက်ပေးထားတဲ့ အချက်ကိုဘင်္ဂလားဒေ့ရှ်ကောအမေရိကန်ကပါ အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ ဒုက္ခသည်တွေကို မြန်မာနိုင်ငံဘက် မပြန်ခိုင်းဘဲ အမေရိကန်နိုင်ငံကို ခေါ်ယူမယ်ဆိုပြီး မက်လုံးပေးကြပြန်တယ်လို့ ဥက္ကဋ္ဌကပြောပါတယ်။ ဒါကြောင့် နှစ်နိုင်ငံအကြား ဒုက္ခသည်အရေးကို နှစ်နိုင်ငံချင်းသာ ညှိနှိုင်းဖြေရှင်းသင့်တယ်လို့ ဥက္ကဋ္ဌဘက်က ပိုယုံကြည်သွားပါတယ်။ အခြားတတိယနိုင်ငံ၊ တတိယအဖွဲ့အစည်း ဘယ်လို Third party မျိုးကိုမှ မလိုအပ်ဘဲ ထိုအဖွဲ့အစည်းနဲ့ နိုင်ငံတွေအပေါ် ယုံကြည်မှုကင်းမဲ့သွားတဲ့ သဘောကို ယခုလို ပြောဆိုလိုက်ခြင်းအားဖြင့် နှစ်နိုင်ငံနဲ့ပဲဆိုင်တဲ့ နှစ်နိုင်ငံကြား ပြဿနာဖြစ်ကြောင်းကို ပိုပြီးအလေး အနက်ထားလာခြင်း ဖြစ်တယ်လို့ သုံးသပ်မိပါတယ်။

**ဒုက္ခသည်စခန်းရဲ့အနိဋ္ဌာရုံတွေမှာ ဘယ်သူတွေတာဝန်ရှိသလဲ ပြောပြီ**

ဘင်္ဂလားဒေ့ရှ်လွှတ်တော်ကော်မတီဥက္ကဋ္ဌရဲ့ နောက်ထပ်ပြောကြားချက်တွေ ရှိပါသေးတယ်။ ဒုက္ခသည် သိန်းဂဏန်းရှိတဲ့ ကော့ဘဇားဒုက္ခသည်စခန်း အကြောင်းပါ။ အနည်းငယ် ပြန်ကောက်ရရင် ထိုစခန်းတွေမှာ အနိဋ္ဌာရုံတွေများလှပါတယ်၊ မကြာခဏမီးရှို့ခံရတယ်၊ ရာဇဝတ်ဂိုဏ်းပေါင်းစုံတွေ အကြား အပြန်အလှန်ပစ်ခတ်မှုတွေနဲ့ ဘင်္ဂါလီခေါင်းဆောင်တွေ လုပ်ကြံသတ်ဖြတ်ခံရမှုတွေရှိတယ်။ လုပ်ကြံခံရသူတွေဟာ မြန်မာဘက်ပြန်လိုတဲ့ ဘင်္ဂါလီတွေဖြစ်ပြီး လုပ်ကြံမှုတွေဟာ အာဆာအဖွဲ့နဲ့ ပတ်သက်မှုရှိတယ်လို့လည်း သိရပြန်တယ်။ ဒါ့အပြင် စိတ်ကြွမူးယစ်ဆေးဖမ်းမိတဲ့သတင်းတွေကိုလည်း မကြာခဏကြားသိနေရတယ်။ ဒုက္ခသည်တွေဟာ တဲအိမ်တွေနဲ့ အစုလိုက်အပြုံလိုက် နေရတာဖြစ်တယ်။ သဘာဝဘေးဒဏ်၊ လူလုပ်ဘေးဒဏ်များ ခံစားရသလို ဘေးကင်းလုံခြုံမှုမရှိ ဂုဏ်သိက္ခာမဲ့စွာ နေရတယ်လို့ ဒုက္ခသည်တွေက ညည်းညူကြပါတယ်။

ဒါကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှာ ရောက်နေတဲ့ ဒုက္ခသည်တွေဟာ သူတို့နေရပ် သူတို့ပြန်ချင်ကြတယ်။ ဒါပေမဲ့ သူတို့ကို ပြန်ခွင့်မပေးတာက ဒီစခန်းမှာ အဓိကတာဝန်ယူ လုပ်ကိုင်နေကြတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ အမေရိကန်တို့ပဲဆိုတာ ကော်မတီဥက္ကဋ္ဌက ပြောသွားပါတယ်။ ဒုက္ခသည်စခန်းတစ်ခုဆိုတာ နိုင်ငံတကာအလှူငွေကို လက်ခံရရှိစမြဲပါ၊ ဘယ်လောက်ပမာဏနဲ့ ဘယ်လိုရရှိနေသလဲ၊ ထိုစခန်းတွေက နိုင်ငံတကာအဖွဲ့အစည်းတွေက လက်ခံရရှိတဲ့ အလှူငွေတွေကို ဘယ်လိုသုံးစွဲနေကြသလဲ၊ အသေအချာမသိရပါဘူးတဲ့၊ ဒီလို မသိရတဲ့အတွက် သူတို့အစိုးရအနေနဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေရကြောင်းနဲ့ စခန်းတွေကို ပိတ်သိမ်းသင့်ကြောင်း ပြောကြားသွားပါတယ်။

ဒီလိုဖြစ်နေတာဟာ INGO အဖွဲ့တွေနဲ့ UNHCR လိုအဖွဲ့တွေ၊ အမေရိကန်လိုနိုင်ငံတွေမှာပဲ တာဝန်ရှိတဲ့သဘောကို ဆိုလိုဟန်ရှိပါတယ်။ တစ်ချိန်တစ်ခါတုန်းကတော့ ဘင်္ဂလားဒေ့ရှ်အပါအဝင် အနောက်အုပ်စုဟာ မြန်မာနိုင်ငံဘက်က ယခုလိုပြင်ဆင်ထားရှိမှု အခြေအနေတွေကို အနှစ်မပါတဲ့လုပ်ရပ်အဖြစ် စွပ်စွဲခဲ့ကြဖူးကြောင်း ဒီနေရာမှာကြုံတုန်းထောက်ပြလိုပါတယ်။

စာမျက်နှာ ၁၁ သို့ ❖

> **“ဘေးတီးတဲ့အထဲမှာ BBC၊ VOA၊ RFA၊ DVB နိုင်ငံခြားသတင်းဌာနအစုံလည်းပါတယ်။ သူတို့အားလုံးရဲ့ ကိုယ်စီရည်မှန်းချက်မှာ ဘင်္ဂါလီနိုင်ငံအိပ်မက်ထူထောင်ဖို့အထိ ရည်မှန်းထားတယ်။ ပြင်ပပယောဂအစုံအောက်မှာ ကပ်ဘေးသင့်တဲ့အထဲ ဘင်္ဂါလီတွေသာမက ရခိုင်လူမျိုးတွေလည်းပါခဲ့တာကိုတော့ မျက်ကွယ်ပြုထားကြတယ်။ ဘင်္ဂါလီတွေသာမက ရခိုင်လူမျိုးတွေလည်း နေရပ်စွန့်ခွာကြရတာပါ။ မတူတာက ဘင်္ဂါလီတွေက INGO တွေရဲ့ အထောက်အပံ့နဲ့ စားရေရိက္ခာရကြတယ်။ ဘင်္ဂါလီတွေအတွက် ဒုက္ခသည်စခန်းတွေဟာ နိုင်ငံရပ်ခြား INGO တွေနဲ့ စွက်ဖက်လိုသူ ပြင်ပအင်အားစုတွေအတွက်တော့ ဆုလာဘ်ကြီးဖြစ်သလို ဘင်္ဂါလီကိုဗန်းပြပြီး ဘင်္ဂါလီတွေကို သတ်ဖြတ်တယ်၊ အဓမ္မပြုကျင့်တယ် စသဖြင့် ဇာတ်နာအောင်လုပ်တာလည်း သူတို့ပါပဲ။”**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စွန်ရဲအင်းဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးဇုန်ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးဇုန်ကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးပြောကြား**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးလျက်ရှိရာ လုပ်ငန်းဆိုင်ရာ သဘောတူညီမှုစည်းကမ်းချက်များနှင့်အညီ ပုဂ္ဂလိကအကျိုးစီးပွားဖြစ်ထွန်းစေရေးနှင့် သတ်မှတ်ကာလအတွင်း စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကြိုးပမ်းကြစေလိုကြောင်းဆွေးနွေးပြောကြားပြီး နို့စားနွားမွေးမြူရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် တအုံကျေးရွာအုပ်စု ဆောက်အင်းကျေးရွာအနီး တည်ဆောက်ပြီးစီးသည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ ရေသောက်ဧရိယာအတွင်းမှ တောင်သူများဖြင့် ဖွဲ့စည်းထားသောရေအသုံးချသူများ(WUG)အဖွဲ့ဝင်များအား တွေ့ဆုံပြီး စပါးသီးနှံအခြေခံ၍ တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးကြကာ မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် တောင်သူများ၏စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ပင်မလျှပ်စစ်ဓာတ်အားနှင့် ဆိုလာစွမ်းအင်ကို တွဲဖက်အသုံးပြု၍ ဒုဋ္ဌဝတီမြစ်မှရေကို တင်ယူပြီး ကွန်ပျူတာတက္ကသိုလ် (မန္တလေး)အနီးရှိ တအုံ၊ ညှော့်ပြ၊ တလိုင်းကန် စိုက်ကွင်းများမှ စိုက်ပျိုးမြေဧက ၁၀၀၀ အား နွေ၊ မိုး၊ ဆောင်း တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး၊ နှမ်း ၊ နေကြာအပါအဝင် ဧက ၆၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဆည်ရွာကျေးရွာအနီးရှိ မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် ပုသိမ်ကြီးမြို့နယ် ကြျူဝန်းရှိ အသားတိုး နွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့် သရုပ်ပြခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်ခွဲခန်းပညာရပ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းမျှဝေပေးပြီး ဓာတ်ခွဲခန်းပညာရှင် ခါးဆက်မပြတ်စေရေးနှင့် ထူးချွန်သူများပေါ်ထွန်းလာရေး အားပေးချီးမြှောက်ရန်လိုအပ်ချက်များ၊ ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ထားသောလုပ်ငန်းများ လျာထားချက် ပြည့်မီစွာဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၇၆၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၀-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂–၆–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၆–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၇၆၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၃) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မှ ဖြတ်သန်းသွားလာမည့် ဒေသခံပြည်သူများအတွက် e-ID စနစ်ဖြင့် Biometric ကောက်ယူ၍ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်း တာချီလိတ်၌ ဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး ဦးမင်းနိုင်ဦးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၁)အနီးရှိ တာချီလိတ်ခရိုင်ဦးစီးမှူးရုံးဝင်းအတွင်း၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ထမ်းများက မြန်မာ–ထိုင်း နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ ဖြတ်သန်းသွားလာမည့် ဒေသခံပြည်သူများအား e–ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ပြီးဖြစ်**

ယင်းလုပ်ငန်းစဉ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၁၉ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအချိန်ထိ ဒေသခံပြည်သူ ၂၆၀၀၀ ကျော်ကို Unique ID နံပါတ် ထုတ်ပေးဆောင်ရွက်ပြီး ဖြစ်ကြောင်းနှင့် လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

❖ **စာမျက်နှာ ၁၀ မှ**

ဘင်္ဂလားဒေ့ရှ်က လက်ရှိနေထိုင်နေရတဲ့ ဒုက္ခသည်စခန်းတွေနဲ့ ဆန့်ကျင်ဘက် မြန်မာနိုင်ငံဘက်မှာတော့ ယခင်ကတည်းကပင် ပြန်လည်လက်ခံရေးစခန်းတွေကို အဆင်သင့် နေထိုင်နိုင်အောင် ဆောက်လုပ်ပေးထားပြီးဖြစ်တယ်ဆိုတာ ပြန်အမှတ်ရဖို့လိုပါတယ်။ တောင်ပြိုလက်ဝဲ၊ ငါးခူရစခန်းနဲ့ လှဖိုးခေါင်ကြားစခန်းတွေဟာ ပြန်လာမယ့်သူတွေအတွက် ကောင်းမွန်တဲ့ပတ်ဝန်းကျင်တွေ ဖြစ်ခဲ့ပါတယ်။ ကုန်းလမ်းကလာလာ၊ ရေလမ်းကလာလာ နေဖို့ရွာတွေ အသင့်ပြင်ထားပေးခဲ့တယ်။ ပြင်ဆင်ထားရှိမှုအခြေအနေကို ဒုက္ခသည်တွေနဲ့ ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူတွေကိုယ်တိုင် လာရောက်လေ့လာဖူးပါတယ်။ ဒုက္ခသည် ၃၄၅၀ ပြန်လာဖို့ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း သဘောတူညီမှုတစ်ခု ရပြီးခဲ့တာတောင် သူတို့ပြန်မလာခဲ့ကြပါဘူး။ တင်ပြခဲ့သလို အဟန့်အတားတွေကြောင့်ပဲဖြစ်ပါတယ်။ မိမိဘက်က ဘယ်လိုပဲပြင်ဆင်ထားရှိကာမှု ပြန်လည်လက်ခံရေးဟာ တစ်ဖက်က ပြန်ပို့နိုင်မယ့်အခြေအနေအပေါ် မူတည်ခဲ့ကြောင်း ယခင်ထားရှိခဲ့တဲ့ မြန်မာနိုင်ငံရဲ့သဘောထားကို ယနေ့မှာတော့ ပြန်လည်လက်ခံပြီလို့ပဲ ယူဆရမှာဖြစ်ပါတယ်။

**ပြည်ပပယောဂအစုံနဲ့ထိုးကျွေးခံဘဝတွေအကြောင်း ပြောနေပြီ**

သမိုင်းကြောင်းကို ပြန်ကြည့်ရင် ဘင်္ဂါလီတွေမှာ အကွဲကွဲအပြားပြားဖြစ်နေတဲ့ သဘောရှိတယ်။ ရိုးရိုးသားသား ဒုက္ခသည်တွေရှိကြသလို ARU အပါအဝင် အဖွဲ့အစည်းအသီးသီးရဲ့ အရိပ်အောက်မှာ ထိုးကျွေးခံဘဝတွေအဖြစ်နဲ့ ရပ်တည်နေကြရတယ်။ နိုင်ငံရပ်ခြား ပယောဂအပြည့်ပါတဲ့အထဲမှာ OIC က ပိုပြီးထင်ရှားတယ်။ US နဲ့ EU လည်းပါသလို ICJ နဲ့ HRW တို့ကလည်း ဝင်စွက်ခဲ့ကြတယ်။ ARSAလိုအကြမ်းဖက်အဖွဲ့အစည်းတွေလည်း ပါတာပဲ။

**ဘေးတီးတဲ့အထဲမှာ BBC၊ VOA၊ RFA၊ DVB နိုင်ငံခြားသတင်းဌာန အစုံလည်းပါတယ်။ သူတို့အားလုံးရဲ့ ကိုယ်စီရည်မှန်းချက်မှာ ဘင်္ဂါလီနိုင်ငံအိပ်မက်ထူထောင်ဖို့အထိ ရည်မှန်းထားတယ်။ ပြင်ပ ပယောဂအစုံအောက်မှာ ကပ်ဘေးသင့်တဲ့အထဲ ဘင်္ဂါလီတွေသာမက ရခိုင်လူမျိုးတွေလည်း ပါခဲ့တာကိုတော့ မျက်ကွယ်ပြုထားကြတယ်။ ဘင်္ဂါလီတွေသာမက ရခိုင်လူမျိုးတွေလည်း နေရပ်စွန့်ခွာကြရတာပါ။ မတူတာက ဘင်္ဂါလီတွေက INGO တွေရဲ့ အထောက်အပံ့နဲ့ စားရေရိက္ခာရကြတယ်။ ဘင်္ဂါလီတွေအတွက် ဒုက္ခသည်စခန်းတွေဟာ နိုင်ငံရပ်ခြား INGO တွေနဲ့ စွက်ဖက်လိုသူ ပြင်ပအင်အားစုတွေအတွက်တော့ ဆုလာဘ်ကြီးဖြစ်သလို ဘင်္ဂါလီကို ဗန်းပြပြီး ဘင်္ဂါလီတွေကို သတ်ဖြတ်တယ်၊ အဓမ္မပြုကျင့်တယ် စသဖြင့် ဇာတ်နာအောင်လုပ်တာလည်း သူတို့ပါပဲ။**

ဒါကြောင့်လည်း ဒုက္ခသည်တွေဟာ နေရပ်ပြန်ဖို့ ကြောက်လန့်ခဲ့ကြတယ်။ တစ်ချိန်တည်းမှာ မြန်မာနိုင်ငံအစိုးနဲ့ ဒုက္ခသည်တွေအကြား ဒေသခံရခိုင်လူမျိုးတွေနဲ့ ဒုက္ခသည်တွေအကြားမှာရန်တိုက်ပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ အကောင်းမမြင်၊ လူဆိုးဖြစ်အောင် ဖန်တီးပြီးသားဖြစ်သွားသလို သူတို့ရဲ့ မကောင်းတဲ့လုပ်ရပ် အမှားတွေကို ဖုံးကွယ်ပြီးသားလည်း ဖြစ်သွားပါတယ်။ လုပ်ရပ်အမှားတွေဆိုတာက စီးပွားရေးအရ ဝင်တစ်မျိုး၊ နိုင်ငံရေးအရ မြန်မာနိုင်ငံကို မတည်မငြိမ်ဖြစ်အောင်လုပ်၊ မြန်မာ့တပ်မတော်ကို သိက္ခာချ၊ Genocide နဲ့ ထောင်ချောက်ဆင်၊ ဒုက္ခသည်အရေး ဗန်းပြပြီး မြန်မာနိုင်ငံကို မတော်မတရားစွပ်စွဲ၊ အခွင့်အရေးရရင် နယ်မြေလူမျိုးအပါခွဲထွက်ပြီး နိုင်ငံထူထောင်ဖို့အထိ အစီအစဉ်တွေရှိနေတာကို ဆိုလိုတာပါ။

**အဲဒီအဖွဲ့တွေရဲ့ ဖန်တီးချက်တွေဟာ ဒေသတွင်းမတည်မငြိမ်ဖြစ်စေမှု အထူးသဖြင့် တရုတ်နိုင်ငံရဲ့အကျိုးစီးပွားထိခိုက်သည်အထိ ရည်ရွယ်ပါတယ်။ ဥက္ကဋ္ဌရဲ့ပြောကြားချက်တွေအရ အမေရိကန်ဟာ မြန်မာကို အပုပ်ချနေပြီး ဒုက္ခသည်တွေကို အမေရိကန်က စာနာပေးသယောင်လုပ်ပြနေခြင်းဟာ ကျွန်တော့်အနေနဲ့တော့ သူတို့ပြည်တွင်းနိုင်ငံရေးဝွင်အတွက်သာ လုပ်စားနေခြင်းတစ်မျိုးဟု မှတ်ယူမိပါတယ်။**

နိုင်ငံခြားရေးဝန်ကြီးဟောင်းရဲ့ အမှန်တကယ် ယခုလိုဖြေကြားပြောဆိုချက်တွေဟာ ယခင်ဆက်ဆက်ကတည်းက မြန်မာနိုင်ငံဘက်က အကြိမ်ကြိမ်ဖြေကြားဖြေရှင်းခဲ့မှုတွေနဲ့ တစ်ထပ်တည်းကျနေကြောင်း သတိထားမိပါတယ်။ ယခုအချိန်မှာ ဘင်္ဂလားဒေ့ရှ်ဘက်က အခြေအနေမှန်ကို နားလည်လက်ခံလာပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို အသိအမှတ်ပြုလာတဲ့သဘောဆောင်တယ်လို့လည်း ယူဆပါတယ်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ အပြုသဘောချဉ်းကပ်မှုတွေဟာ ယခုထက်ပိုပြီး အပေါင်းလက္ခဏာဆောင်လာမယ့် သဘောများရှိလာပြီလို့ မျှော်လင့်ပါတယ်။

အခြားဘယ်အဖွဲ့အစည်း ဘယ်နိုင်ငံမှမလိုပါ။ နှစ်နိုင်ငံအကြားကိစ္စရပ်ကို အိမ်နီးချင်းနိုင်ငံအချင်းချင်း ညှိနှိုင်းဖြေရှင်းခြင်းအားဖြင့် ပိုပြီးထိရောက်အောင်မြင်မှုရှိလာမယ်လို့ ခံယူထားပါတယ်။ ပြဿနာတစ်ရပ်ကို အဖြေရှာရာမှာ ညှိနှိုင်းဖြေရှင်းတဲ့နည်းလမ်းကဖိအားပေးနည်းလမ်းနဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ပြဿနာရဲ့အရင်းအမြစ်က ဘာလဲဆိုတာ ယနေ့ ဘင်္ဂလားဒေ့ရှ်လွှတ်တော်ကော်မတီဥက္ကဋ္ဌရဲ့ ပြောဆိုချက်တွေမှာ ထင်ဟပ်နေပြီဖြစ်တဲ့အတွက် ထိုထောက်ပြချက်တွေကို ဘယ်လိုမှမျက်ကွယ်ပြုလို့မရပါဘူး။

အရင်းအမြစ်ကို ဖြေရှင်းနိုင်ပြီဆိုမှသာ လက်တွေ့ကျ၊ မျှတပြီး ရေရှည်တည်မြဲတဲ့ ငြိမ်းချမ်းတည်ငြိမ်မှုတစ်ခုကို မလွဲမသွေရရှိနိုင်မှာဖြစ်ပါကြောင်း ဤနေရာကနေ တင်ပြလိုက်ရပါတယ်။ ။

❑

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော်   ဇွန်   ၁၀**

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ကျင်းပရာ နေပြည်တော် အားကစားနှင့်ကာယပညာ ကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယနေ့ကျင်းပသည့် မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲသည် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အခြေခံပြိုင်ပွဲကောင်း တစ်ခုဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြပြီး မိမိတို့အသင်းအနိုင်ရရှိရေး စွမ်းစွမ်းတမံ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများနှင့် ဒိုင်အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အသက် ၂၅ နှစ်အောက် ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ်အသင်းနှင့် လယ်ဝေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲကို ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ (၅၃၅) ရေပေး ရေးစက်ရုံသို့ သွားရောက်၍ သောက်သုံးရေဖြန့်ဖြူးပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုးချဲ့ရေပေးရေး ဆောင်ရွက်မည့်လုပ်ငန်းများကို ကုန်ကျစရိတ် သက်သာစွာဖြင့် အပြည့်အဝဖြန့်ဖြူးပေးဝေနိုင်ရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်၊ သောက်သုံးရေဖြန့်ဖြူးပေးဝေရာတွင် လေလွင့်မှုမရှိရေး အထူးဂရုပြု ဆောင်ရွက်ရန်၊ မြို့ပြနေပြည်သူများ သောက်သုံးရေအပြည့်အဝရရှိစေရေးအတွက် ရေတွန်းစက်များ၏ ကြံ့ခိုင်မှုကို အမြဲစစ်ဆေး ဆောင်ရွက်ကြရန်တို့ကိုမှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မှော်ဘီမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်

**ရန်ကုန်   ဇွန်   ၁၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖြစ်သည့် လူသုံးကုန်ပစ္စည်း (ဆပ်ပြာမျိုးစုံ)ပြုလုပ်နည်းသင်တန်းကို အင်းလျက်ကျေးရွာအုပ်စု ကျောင်းပုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင်မှော်ဘီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က အဖွင့်အမှာစကားပြောကြားပြီး မှော်ဘီခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုးက သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ပြီး ကျေးရွာနေပြည်သူ ၂၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

## သထုံမြို့၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေး

**သထုံ   ဇွန်   ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ မော်ကျော့အခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်က အမှာစကား ပြောကြားသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့်စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေး လုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်လတ်   ဇွန်   ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ကျိုက်လတ်မြို့နယ်ဦးစီးမှူးရုံး



ဝန်ထမ်းများက လှိုင်းတာကျေးရွာသို့ သွားရောက်၍ ယနေ့နံနက်ပိုင်းတွင် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များက ဇီဝဆိုင်ရာအချက်အလက်ကောက်ယူမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးဦးထွန်းဆွေက ဇီဝဆိုင်ရာအချက်အလက်ကောက်ယူနေမှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက Biographic Data နှင့် Biometric Data များကောက်ယူ၍ Database တွင် ထည့်သွင်းသိမ်းဆည်းခဲ့သည်။ ထို့နောက် ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်ပါကတ်ပြားများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ငပုတောမြို့နယ်၌ အသက် ၂၃ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ ကျင်းပ

**ငပုတော   ဇွန်   ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌဖလား လေးမြို့နယ် အမျိုးသမီး အသက် ၂၃ နှစ်နှင့်အောက်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ပမ္မဝတီပြည်သူ့အားကစားကွင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးရည်မွန်က မြို့နယ်များမှ အမျိုးသမီးရွက်ပုန်းသီး အမျိုးသမီးဘောလုံးသမားများပေါ်ထွန်းလာစေရန်၊ မြို့နယ်အဆင့်မှ ခရိုင်အဆင့်၊ ခရိုင်အဆင့်မှ တိုင်းဒေသကြီးအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် ပြုစုမွေးထုတ်သွားစေရန်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ပြိုင်ပွဲ ပွဲစဉ် (၁) ကန်ကြီးထောင့်မြို့နယ်အသင်းနှင့် ငပုတောမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး/အရင်း ပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်း ၁ နှစ် ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ၆ လ၊ ဒုတိယအကြိမ် ၆ လနှင့် တတိယအကြိမ် ၁ နှစ်နှင့် စုစုပေါင်း ၃ နှစ်အထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါ သဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ/ လုပ်ငန်းများ အနေဖြင့် ချေးငွေ အတိုး/ အရင်းများကို **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ** အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## စာပေဗိမာန်စာမူဆု (၂၀၂၃) ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

**ရန်ကုန် ဇွန် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်သည် ဘာသာပြန်စာပေဖွံ့ဖြိုးရေးနှင့် ဘာသာပြန်ဝါသနာရှင်များ တိုးပွားရေးအတွက် စာပေဗိမာန် စာမူဆု ဘာသာပြန်စာမူပြိုင်ပွဲကို နှစ်စဉ်ဖိတ်ခေါ်ကျင်းပလျက် ရှိရာ ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဘာသာပြန် စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိပါသည်။

၂၀၂၃ ခုနှစ်အတွက် ဘာသာပြန်ပြဋ္ဌာန်းစာအုပ်မှာ Bill Gates ရေးသားသည့် How To Prevent The Next Pandemic မှ အခန်း (၄) ခုကို ထုတ်နုတ်ပြဋ္ဌာန်းထားသည့် စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၁၈-၃၈၁၄၄၈၊ သပြေကုန်း နေပြည်တော်ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၆၇-၃၄၀၄၁၆၈၊ ၈၆ လမ်း၊ ၂၁ x ၂၂ ကြား၊ အောင်မြေသာစံမြို့နယ် မန္တလေးမြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် တန်ဖိုးငွေကျပ် ၁၈၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ပြိုင်ပွဲဝင်စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀ ဖြင့်သော်လည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ Website : www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း ရယူနိုင်ပါသည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၅၀၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၈-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်ပါသည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့နောက်ဆုံးထား၍ အထက်ဖော်ပြပါ လိပ်စာသို့ပင် လိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## အိမ်ခြံမြေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၁၀**

အိမ်ခြံမြေကဏ္ဍဖွံ့ဖြိုးစေရေး၊ အိမ်ခြံမြေအကျိုးဆောင်များ၏ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို)(MRESA) နှင့် Korea Real Estate Service Development Association တို့အကြား နားလည်မှုစာချွန်လွှာ(MoU) ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ပြုလုပ်သည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) နှစ်ပတ်လည်အသင်းသားစုံညီသင်းလုံးကျွတ်အစည်းအဝေး (2024-AGM) တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

"ဒီနေ့အခမ်းအနားမှာ ကိုရီးယားနိုင်ငံရဲ့ Korea Real Estate Service Development Association ဥက္ကဋ္ဌ ကိုယ်တိုင်တက်ရောက်ပြီးတော့ ကျွန်တော်တို့အသင်းနဲ့ MoU လက်မှတ်ရေးထိုးတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေတွေကို နှစ်ဖက်ဖလှယ်ကြမယ်။ ဝန်ဆောင်မှုတွေကိုလည်း တစ်ဖက်နဲ့တစ်ဖက် ဖလှယ်ကြမယ်။ တိုးမြှင့်အောင် လုပ်ဆောင်ပေးမယ်။ အိမ်ခြံမြေ Talk Show တွေနဲ့ သင်တန်းတွေကိုလည်း လုပ်ကိုင်ဆောင်ရွက်မယ့်အနေနဲ့ လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အာဆီယံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ARENA) အထွေထွေအတွင်းရေးမှူးချုပ် Mr.Soma Sundram Krishnaswamy တို့က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်လှမြင့်က မင်္ဂလာနှုတ်ခွန်းဆက်စကားပြောကြားသည်။



နားလည်မှုစာချွန်လွှာ( MoU )ကို Korea Real Estate Service Development Association ဥက္ကဋ္ဌ Dr. Eric Parle နှင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ - လင်းရာမ**

## အိန္ဒိယဝန်ကြီးချုပ် မိုဒီ တတိယရာထူးသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

**နယူးဒေလီ ဇွန် ၁၀**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်ပါတီများက ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် ဝန်ကြီးချုပ်အဖြစ် တတိယရာထူးသက်တမ်းအတွက် ဇွန် ၉ ရက်က ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။



ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ၎င်းက နိုင်ငံသားများ၏ အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်မည်ဟု ပြောကြားသည်။ အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ မော်လ်ဒိုက်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများအပါအဝင် ဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲများ တက်ရောက်ကြသည်။

ယင်းကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားတွင် သမ္မတ ဒရောပဒီမာမူ၏ရှေ့မှောက်၌ ဝန်ကြီးချုပ် မိုဒီ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်နယ်ဝန်ကြီးများက ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

နိုင်ငံအတွင်း လူငယ်များအကြား အလုပ်အကိုင်ရှားပါးမှုကို အစိုးရက မည်ကဲ့သို့ဖြေရှင်းမည်ကို စိတ်ဝင်စားမှုများမြင့်တက်နေသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

## ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ နျူဆီရတ်ဒုက္ခသည်စခန်းမှ ဓားစာခံလေးဦးကို ကယ်ဆယ်နိုင်ခဲ့ဟု အစ္စရေးတပ်ဖွဲ့ပြောကြား

**ဂျေရုဆလင် ဇွန် ၁၀**

ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ နျူဆီရတ်ဒုက္ခသည်စခန်းမှ ဓားစာခံလေးဦးကို ဇွန် ၈ ရက်တွင် အစ္စရေးတပ်ဖွဲ့များက ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ ဂါဇာအလယ်ပိုင်း Deir al-Balah ရှိ al-Aqsa ဆေးရုံမှတာဝန်ရှိသူ Khalil Al-Dakran က ယင်းဖြစ်စဉ်အတွင်း ဒဏ်ရာရရှိသူ ပါလက်စတိုင်းအများအပြားကို ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး အချို့မှာ သေဆုံးကြောင်းကို ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ဟားမတ်စ်အဖွဲ့၏ လက်အောက်ခံ အယ်လ်ကက်ဆမ်တပ်ဖွဲ့က နျူဆီရတ်ဒေသတွင် အစ္စရေး၏တိုက်ခိုက်မှုကို "စစ်ရာဇဝတ်မှု" အဖြစ် ရှုတ်ချခဲ့သည်။ ဟားမတ်စ်နိုင်ငံရေးဗျူရိုအကြီးအကဲ Ismail Haniyeh ကလည်း ပါလက်စတိုင်းပြည်သူများ၏ အခွင့်အရေးများအတွက် ဆက်လက်ခုခံကာကွယ်သွားမည်ဟု ပြောကြားခဲ့ပြီး အစ္စရေး၏တိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။ ထိုဖြစ်စဉ်အတွင်း ဓားစာခံလေးဦးကို ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့သည် လွန်ခဲ့သည့်နှစ် အောက်တိုဘာလက ဂီတပွဲတော်သို့ သွားရောက်စဉ် ဟားမတ်စ်အဖွဲ့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည်။

အစ္စရေးတပ်ဖွဲ့က နျူဆီရတ်ဒုက္ခသည်စခန်းသို့ ဝင်ရောက်စီးနင်းသည့် တိုက်ပွဲတွင် အမေရိကန်နိုင်ငံသားတစ်ဦးအပါအဝင် ဓားစာခံသုံးဦးသေဆုံးကြောင်း ဟားမတ်စ်လက်အောက်ခံ အယ်လ်ကွာဆန်တပ်ဖွဲ့က ပြောကြားသည်။

### ရုပ်သံဖိုင်ထုတ်လွှင့်

၎င်းတို့၏ ရုပ်အလောင်းများအား မျက်နှာများဖုံးအုပ်ထားသည့် ရုပ်သံဖိုင်ကို ၎င်းတပ်ဖွဲ့က လူမှုမီဒီယာတွင် ထုတ်လွှင့်ခဲ့သည်။ သင်တို့၏ ဓားစာခံများကို ကျွန်ုပ်တို့၏ အကျဉ်းသားများဖြင့်သာ လဲလှယ်မည်ဟု ယင်းရုပ်သံဖိုင်တွင် စာတန်းရေးသားထားသည်။ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ အစ္စရေးတာဝန်ရှိသူများက မှတ်ချက်ပေးခြင်းမရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## တစ်ကိုယ်တော်ရွက်လှေဖြင့် ကမ္ဘာပတ်ခဲ့သည့် ဂျပန်နိုင်ငံသား ခရီးစဉ်အောင်မြင်စွာ ပြီးဆုံး

**တိုကျို ဇွန် ၁၀**

အသက် ၂၄ နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်း ဂျပန်နိုင်ငံသား ကီမူရာဟီရိုဆူဂူသည် တစ်ကိုယ်တော်ရွက်လှေဖြင့် ကမ္ဘာပတ်ခဲ့သည့် အသက်အငယ်ဆုံး ဂျပန်နိုင်ငံသား ဖြစ်လာကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၎င်းသည် ယမန်နှစ် အောက်တိုဘာ ၂၂ ရက်က ဂျပန်နိုင်ငံအနောက်ပိုင်း နီရှိနိုမီယာမြို့မှနေ၍ စတင်ရွက်လွှင့်ခဲ့သည်။

ရွက်လှေဖြင့် ၂၃၁ ရက်ကြာမြင့်ခဲ့သည့် ၎င်း၏ကမ္ဘာပတ်ခရီးစဉ်သည် ဇွန် ၈ ရက်က ဂျပန်နိုင်ငံအနောက်ပိုင်း ဝါကာယာမာနှင့် တိုကူရှိမာစီရင်စုကြားရှိကီအီရေလက်ကြားတွင် အဆုံးသတ်ခဲ့သည်။ ၁၉၉၄ ခုနှစ်ကလည်း အသက် ၂၆ နှစ် အရွယ်ရှိ ဂျပန်နိုင်ငံသား ရိုရာရိုကိုဂျိရိုက ရွက်လှေဖြင့် ကမ္ဘာပတ်ခရီးနှင်ခဲ့သည်။ ကီမူရာအား ၂၀၂၂ ခုနှစ် မတ်လက ပစိဖိတ်သမုဒ္ဒရာအတွင်း ရွက်လှေဖြင့် ကမ္ဘာပတ်ခရီးနှင်ခဲ့သည့် ကမ္ဘာ့အသက်ကြီး ရွက်လှေအားကစားသမား ဟူရီအီကီနာချီက ဂုဏ်ပြုခဲ့သည်။

### အောင်မြင်မှုရရှိခဲ့

မိမိသည် အောင်မြင်မှုရရှိရန် ရည်မှန်းချက်အပြည့်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ကြောင်း ကီမူရာက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



# ကလေးမြို့ ရေကူးကန်တွင် လူငယ်များကိုဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မင်းကြီးဟိုတယ်ရေကူးကန်တွင် ရေကူးနေသည့် လူငယ် ၂၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၉ ရက်တွင် ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇွန် ၉ ရက်တွင် ကလေးမြို့ မင်းကြီးဟိုတယ်ရေကူးကန်တွင် လာရောက်ရေကူးသည့် လူငယ်များ ခိုက်ရန်ဖြစ်ပွားနေကြောင်း သတင်းပေးပို့ချက်အရ မြို့နယ်စီမံအုပ်ချုပ်ရေး တာဝန်ရှိသူများက ခိုက်ရန်ဖြစ်ပွားမှုမရှိစေရန်အတွက် သွားရောက်ဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းခြင်း၊ ဖမ်းဆီးခဲ့ခြင်းမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်သည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၀ သိမ်းဆည်းရမိ



မစုမွန်ကျော်အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရှိုးကုန်းရပ်ကွက် (၁၄ဖ)လမ်းရှိ မစုမွန်ကျော် ၄၁နှစ်နေထိုင်သည့် နေအိမ်တိုက်ခန်းအား သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍ မြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ဇွန် ၁၂ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ထားဝယ်မြို့အဝင်ရှိ အိမ်ရှေ့ပြင် စာသင်ကျောင်းကို PDF စစ်သွေးကြွတွေ ဗုံးဖောက်ခွဲမှုကြောင့် ကလေးငယ်သုံးဦး သေဆုံးကာ ၂၀ ကျော် ဒဏ်ရာရရှိခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**သာကေတ ဇွန် ၁၀**

ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စိန်ညီလာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးညွန့်ဝင်းက မူးယစ်ဆေးဝါး အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးနှင့်ဘိန်းအမျိုးအစား၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်းအကြောင်းအရင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်ဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးသူရိန်ဇော်က မိုင်းအသိ၊ မိုင်းသတိအကြောင်းအရာများကိုလည်းကောင်း၊ သာကေတမြို့နယ် အမှတ်(၃၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုရဲမှူး အောင်ဇော်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း ဟောပြောကြသည်။



ဆက်လက်ပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာ ဦးစောသက်ဇေအောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (မြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၆-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ခန္ဓာသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ "မြန်မာတို့ရဲ့ရုက်ယူဖွယ်ရာ ပုဂံဒေသက ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်များ"
- ၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ "ရွှေပဝတဲ့.....မြို့အလှ"
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'သုတောင်းပြည့်ကြယ်တာရာစတာလာ'** (အပိုင်း-၆၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပျော်လင့်ခြင်းအိပ်မက်'** (အပိုင်း-၂၃)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၇:၁၅ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
- ၁၇:၃၅ "စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူအသိပညာပေး" (Video Clip)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပျော်လင့်ခြင်းအိပ်မက်'** (အပိုင်း-၂၅)
- ၁၉:၃၅ "လူထုသိပ္ပံကျမ်းများ လူ့ဒါနီးမှုမှသည် စာပတ်ရှိနိုမြှင့်တင်ရေးသို့" (Video Clip)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၁၃)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်လရောင်'** (အပိုင်း-၉)

### mitv

- 07:02 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:06 Xylophones' Home
- 07:27 Hsig Khaung Village In Hsihseng
- 07:39 Pauk Thit Basketry Village
- 08:01 News
- 08:26 Topics Potpourri; The Key Keeper of Vatican Museums
- 08:32 Reconservation Thatbyinnyu Temple
- 08:48 Tastes of Home Land: Sour and Spicy Crab
- 09:01 Healthy Diet: Keto Diet
- 09:11 Myanmar Guitarist
- 09:34 Traditional Myanmar Theatrical Performance: The Priceless Legacy of Maha Gita (Myanmar Musical Instruments)
- 09:50 A Traditional Snack in NgweSaung (ThaYat Taw Htoe Mont)
- 10:01 News

### MRTV NRC

- **ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ
- **ဝ (၀၈:၀၀ မှ ၁၀:၀၀)** ကြက်သွန်ဖြူနှင့်ကျန်းမာရေး
- **ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ကချင်ရိုးရာထမင်းထုပ်နည်း
- **ကယား (၁၂:၀၀ မှ ၁၄:၀၀)** အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး(ဇာတ်လမ်းတို)
- **ပကြောကရင် (၁၄:၀၀ မှ ၁၅:၀၀)** နှလုံးရောဂါအကြောင်းသိကောင်းစရာ
- **အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** ရောဝတီရဲ့အရှိန်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၄)
- **အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** ပေပေလုပ်ကျွေးတဲ့ဟင်းထုပ်
- **ချင်း (ဖလမ်း) (၁၇:၀၀ မှ ၁၈:၀၀)** ဟင်းသီးဟင်းရွက်အခေါ်အဝေါ်များ(အပိုင်း-၂)
- **ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** ညောင်စေးနှင့်ဝက်ထောင်ဖမ်းခြင်း
- **မွန် (၁၉:၀၀ မှ ၂၁:၀၀)** မုဒုံမြို့သို့အလည်တစ်ခေါက် ဘင်လှိုင်ဘုရား
- **ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၈:၃၀ အဖွင့်၊အလဲ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ဖြူစင်သောစိတ်ထား"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ "ရွှေသို့ချီမည်....ပန်းတိုင်ဆီ" (အပိုင်း-၂၀)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၁၀ တန်ဖိုးမြင့်ထုတ်ကုန်ဖွဲ့နည်းအစွမ်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Gardeners' World 2023 Eps 1
- ၁၉:၀၀ Gardeners' World 2023 Eps 2
- ၁၉:၅၀ Home Vegetable Garden
- ၂၂:၀၀ ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့ (ဒါရိုက်တာ-ဩရသ၊သရုပ်ဆောင်-ဇေရဲထက်၊ဖွေးဖွေး)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary (Vovinam)
- ၁၆:၀၀ အားကစားလောကထဲကသူတို့အကြောင်း
- ၁၇:၀၀ အားကစားသတင်း

Scan Here


MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ပစ်ခတ်တိုက်ခိုက်မည့် အကြမ်းဖက်သမားများအား ၁၀၇ မမ ရှော့တိုက်ဗုံးသီးများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများ၊ လမ်းတံတားများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။




အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော NUG လက်အောက်ခံ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင်များသည် ဇွန် ၈ ရက်တွင် **သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနား**ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် **၁၀၇ မမ ရှော့တိုက်ဗုံး**များဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး နေ့/ညမပြတ် ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၁)ရပ်ကွက် သဘော်ကျင်း ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ သစ်သားလိုင်းခန်းအဟောင်း၌ ရန်ကုန် UG အကြမ်းဖက် အဖွဲ့ဝင်များဖြစ်သော **စိန်ကြီး(ခ)အောင်ထွေး**၂၆ နှစ်၊ **ချိုကြီး(ခ) ဟိန်းထက်အောင်** ၁၈ နှစ်၊ **မင်းသူ**၃၀ နှစ်၊ **မောင်ဟိန်း** ၂၄ နှစ်၊ **အောင်သူရထွန်း** ၂၅ နှစ်၊ **ပြည့်ဖြိုးဇော်**၁၈နှစ်နှင့် **ထက်အာကာလင်း** ၂၆ နှစ်တို့ ခုနစ်ဦးအား **၁၀၇ မမ ရှော့တိုက်ဗုံး နှစ်လုံး၊ ဖြူးစ် နှစ်ခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ဘက်ထရီအိုး နှစ်လုံး၊ ဝိုင်ယာကြိုးခွေ လေးခွေ၊ အခြားဆက်စပ်ပစ္စည်းများ**နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၉ ရက် နံနက်ပိုင်းတွင် ရှော့တိုက်ဗုံး ပစ်ခတ်ရန် ပူးပေါင်းပါဝင်သူများဖြစ်သော **ချစ်ကေခိုင်** ၃၈ နှစ်အား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၇၂)ရပ်ကွက် သဇင်လမ်း အမှတ်(၉၃)နေအိမ်မှ လည်းကောင်း၊ **ဇာနည်အောင်(ခ)ကိုဇာ** ၃၂ နှစ်အား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၇၂)ရပ်ကွက် ဗန္ဓုလလမ်း အမှတ်(၁၁၁)နေအိမ်မှ ၁၀၇ မမ ရှော့တိုက်ဗုံး တစ်လုံး၊ ဖြူးစ်တစ်ခု တို့ဖြင့်လည်းကောင်း အသီးသီး ထပ်မံ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်တွင် တရားခံ **ကျား ရှစ်ဦး၊ မ တစ်ဦး ပေါင်း ကိုးဦး**တို့နှင့်အတူ **၁၀၇ မမရှော့တိုက်ဗုံး သုံးလုံး၊ ဖြူးစ် သုံးခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ဘက်ထရီအိုး နှစ်လုံး၊ ဝိုင်ယာကြိုးခွေ လေးခွေ**နှင့် အခြားဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Brigade Drone Force PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **အာကာမင်း**က ၂၀၂၄ ခုနှစ် ဧပြီလ တတိယပတ်တွင် Instagram မှတစ်ဆင့် ရှော့တိုက်ဗုံးချိန်ရွယ်နည်းနှင့် ပစ်ခတ်နည်းများအား သင်ကြားပေးခဲ့ကြောင်း၊ သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်၍ လုပ်ကြံပစ်ခတ်ရန်အတွက် မေ ၁၉ ရက်တွင် ရန်ကုန် UG အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဖြူနှင်းအေး(ခ)မီးအိမ်ရှင်**က **စိန်ကြီး(ခ)အောင်ထွေး**အား ဆက်သွယ်၍ ၁၀၇ မမ ရှော့တိုက်ဗုံးသီး သုံးလုံးနှင့် လက်ပစ်ဗုံး နှစ်လုံးတို့ကို ချိတ်ဆက်ပို့ဆောင်ပေးခဲ့သဖြင့် **စိန်ကြီး(ခ)အောင်ထွေး၊ ဇာနည်အောင် (ခ)ကိုဇာ**နှင့် **ချစ်ကေခိုင်**တို့သုံးဦးက ပုဇွန်တောင်မြို့နယ် Ocean Center အနီးရှိ ကားမှတ်တိုင်တွင် ရန်ကုန် UG အဖွဲ့ဝင် (စိစစ်ဆဲ) ကျား နှစ်ဦးထံမှ သွားရောက်ယူဆောင်ခဲ့ပြီး သို့ဝှက်သိမ်းဆည်း ထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားအား အကြမ်းဖက်သမားများက ၁၀၇ မမ ရှော့တိုက်ဗုံးသီးဖြင့် ပစ်ခတ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေ။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **စိန်ကြီး(ခ) အောင်ထွေး၊ ချိုကြီး(ခ) ဟိန်းထက်အောင်၊ မောင်ဟိန်း၊ ပြည့်ဖြိုးဇော်၊ ထက်အာကာလင်း၊ ဇာနည်အောင် (ခ) ကိုဇာနှင့် ချစ်ကေခိုင်** တို့ ခုနစ်ဦးသည် ဇွန် ၄ ရက်မှ ၈ ရက်အထိ သန်လျင်တံတား၏ အခြေအနေ၊ သန်လျင်တံတားအဆင်း တိုးဂိတ်အနီးနေရာနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြန်နန္ဒာအိမ်ရာအနီးတစ်ဝိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏အခြေအနေ တို့ကို ငါးကြိမ် သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ထို့နောက် ၁၀၇ မမ ရှော့တိုက်ဗုံး ပစ်ခတ်မည့်နေရာအား ဆိပ်ကမ်းသာလမ်းအောက်ဘက် "ဘုရင်ကြီး" သဲကျောက်ရောင်းဝယ်ရေးလုပ်ငန်း၏ အရှေ့ဘက် မီတာ ၁၀၀၀ ခန့်အကွာ သဲကွင်းပြင်နေရာကို ရွေးချယ်သတ်မှတ်ခဲ့ပြီး ဇွန် ၈ ရက် တံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့်အချိန်တွင် ပစ်ခတ်ဖောက်ခွဲရန် စီစဉ်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**



ဇွန် ၈ ရက်တွင် သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအား ပစ်ခတ်မည့် ၁၀၇ မမ ရှော့တိုက်ဗုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။




ဇွန် ၉ ရက်တွင် သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအား ပစ်ခတ်မည့် ၁၀၇ မမ ရှော့တိုက်ဗုံး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



## လက်ပံတန်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လက်ပံတန်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မကျီးကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ယနေ့နံနက် ၉ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိုက်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် ကျွန်း၊ မန်ကျည်းရှား၊ စိန်ပန်းကြီး၊ မဲဇလီ အပင် ၃၀၀ တို့အား စိုက်ပျိုးကြသည်။ **အောင်ဆင့်**

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



**နေပြည်တော် ဇွန် ၁၀**

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်တို့၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲများကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အသီးသီးရှိ အားကစားကွင်းများ၌ ပြုလုပ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းစီဖြင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၉ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Power Mandalay Mobile Second” Facebook Page အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာတောင်ရပ်ကွက်နေ ပြည့်ဖြိုးဇော်အား နံနက် ၈ နာရီ မိနစ် ၄၀ တွင် မဟာအောင်မြေမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၆-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၅ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၉၀ | ၂၆၀၀ | ၃၀၁၀ | ၄၀၀၀ |
| 95 Ron | ၂၆၁၅ | ၂၆၈၅ | ၂၆၆၀ | ၂၆၁၅ | ၂၆၈၅ | ၂၇၀၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၉၅ | ၂၈၂၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၁၀ | ၂၇၂၀ | ၃၁၃၀ | ၄၁၅၀ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၇၀ | ၂၃၅၀ | ၂၃၀၅ | ၂၃၇၅ | ၂၃၈၅ | ၂၃၉၅ | ၂၃၅၅ | ၂၄၈၅ | ၂၅၁၅ | ၂၃၆၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၀၀ | ၂၄၁၀ | ၂၈၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၅၃ | ၂၄၃၄ |
| 95 Ron | ၂၄၇၁ | ၂၅၅၄ |
| HSD (500 ppm) | ၂၁၆၉ | ၂၂၄၂ |
| HSD (50 ppm) | ၂၂၁၆ | ၂၂၉၀ |
| HSD (10 ppm) | ၂၂၁၆ | ၂၂၉၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကိုကိုလွင်နှင့်ဝန်ထမ်းများ ဇွန် ၁၀ ရက်က ဘုရားကုန်းကျေးရွာ၌ ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရာသို့ သန်လျင်ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ တင်ဝင်းတင်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းနှင့် အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်

**တောင်ကြီး ဇွန် ၁၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်း အမှတ်စဉ် (၂/၂၀၂၄)နှင့် အခြေခံစာကြည့်တိုက် ပညာသင်တန်း အမှတ်စဉ်(၂/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။




**လှူဒါန်းပေးအပ်**

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဧပြီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် အလှူငွေ၊ စာအုပ်၊ စာစောင်များ ထောက်ပံ့လှူဒါန်းပွဲ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၃၀၀ အပါအဝင် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၄၅၈၂၀၇၈၀ နှင့် စာအုပ်၊ စာစောင် ၂၀၇၂ အုပ်၊ တန်ဖိုးငွေကျပ် ၁၄၇၇၁၀၀၀ လှူဒါန်းမှု စုစုပေါင်း ငွေကျပ် ၆၀၅၉၁၇၈၀ ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ပါကြောင်း၊ မေ ၈ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် လှူဒါန်းပွဲတွင် စာကြည့်တိုက်အသစ်များ ဆောက်လုပ်နိုင်ရန်အတွက် တစ်လုံးလျှင် သိန်း ၁၅၀ နှုန်းနှင့် သုံးတိုက်အတွက် ငွေကျပ်သိန်း ၄၅၀ စေတနာရှင်များက စုပေါင်းလှူဒါန်းသည့် စာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၉၀၀ စုစုပေါင်း ကျပ်သိန်း ၁၃၅၀ ကိုလည်း လှူဒါန်းပေးအပ်နိုင်ခဲ့ပါကြောင်း၊ ယခုဖွင့်လှစ်သည့် စာကြည့်တိုက်ဆင့်ပွားသင်တန်းကို တက်ရောက်ကြသည့် စာကြည့်တိုက်အသီးသီးမှ စာကြည့်တိုက်တာဝန်ခံများ၊ စာကြည့်တိုက်မှူးများအနေဖြင့် သင်တန်းကနေ သင်ကြားပို့ချပေးခဲ့သော စာကြည့်တိုက်ပညာရပ်များကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန်၊ သင်တန်းပြီးဆုံးသည်အထိ မပျက်မကွက် တက်ရောက်ကြပြီး လက်တွေ့ မိမိတို့တာဝန်ယူ ဆောင်ရွက်နေကြသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူများစာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ အခြေခံစာကြည့်တိုက်ပညာသင်တန်းနှင့် အခမ်းအနားမှူးသင်တန်းများအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ထောက်ပံ့ငွေပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက လက်ခံရယူသည်။ ယင်းနောက် စာရေးကိရိယာပစ္စည်းများကို ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ထောက်ပံ့ပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးနိုင်ဝင်းထွန်းက လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး စာကြည့်ခန်းမအတွင်း ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ်၌ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးကော်မတီအနေဖြင့် ဇွန် ၁၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အကြို လှုပ်ရှားမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက် ၁၀ နာရီက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက ကလေးအလုပ်သမားဖြစ်ပေါ်လာရသည့် အကြောင်းရင်းနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ(၈)ရပ်၏ ဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားပြီး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီတို့မှ သက်ဆိုင်ရာဥပဒေများအား ဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သဃ်န်းကျွန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင် ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက ငမိုးရိပ်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ရှိသူများပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကွင်းဆင်းဆောင်ရွက်ပေး**

ထိုသို့ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သဃ်န်းကျွန်းမြို့နယ်မှ တာဝန်ရှိဝန်ထမ်းများက ငမိုးရိပ်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် ပြည်သူများ၊ အသက်(၁၀)နှစ်ပြည့်ပြီးသူနှင့်အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ ပျောက်ဆုံး၊ ပျက်စီးမှုများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သထုံမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**သထုံ ဇွန် ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက သထုံမြို့ သိမ်ကုန်းရပ်ကွက်၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံခရိုင်ဦးစီးမှူး ဦးမောင်မောင်မြင့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် သထုံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် နိုင်-၃(က) ကိုးဦး၊ အသက်(၁၈)နှစ်ပြည့် နိုင်-၆(က) ၃၁ ဦး



တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခဲ့ကြပြီး အိမ်ထောင်စုခြောက်စုတို့အား အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ လက်သန့်ဆေးရည် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်



**ရန်ကုန် ဇွန် ၁၀**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲနှင့်လက်သန့်ဆေးရည် လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယနေ့ နံနက်ပိုင်းက ဒါးပိန်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်နိုင်၊ လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းတို့က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းက အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် သင်တန်းသားသင်တန်းသူများအား စီးပွားဖြစ်လူသုံးကုန် ထုတ်လုပ်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ စာတွေ့လက်တွေ့ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ ဒါးပိန်တောင် ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၂၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**



## ကန့်ဘလူမြို့နယ်မှ ပဲတီစိမ်းများ ဈေးကွက်အတွင်း ဝင်ရောက်ပြီး အရောင်းအဝယ်ဖြစ်

ကန့်ဘလူ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ရာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ထန်းကုန်းကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ကံရိုးကျေးရွာနှင့် အခြားသောကျေးရွာများတွင် ပဲတီစိမ်းသီးနှံကို စိုက်ပျိုးကြကြောင်း သိရသည်။

ယခုအခါ ပဲတီစိမ်းသီးနှံများ ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိပြီး ဇွန်လပထမပတ်အတွင်း ပဲတီစိမ်းရိုးရိုး(52)နှင့် ပဲတီစိမ်းထွက်တိုး(55)တို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲတီစိမ်းသီးနှံမှာ အလုံးလှပြီး အကွဲအနာကင်းလျှင် ဈေးနှုန်းပိုမိုရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူ ခရိုင်မှထွက်ရှိသော ပဲတီစိမ်းများကို မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲတီစိမ်းဈေးနှုန်းများသည် ယခင်နှစ်ကာလတူ ဈေးနှုန်းများထက် ပိုမိုရရှိလျက်ရှိသောကြောင့် စိုက်ပျိုးသူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## ဆိပ်ဖြူမြို့၌ ကြက်သွန်နီဈေးနှုန်း အနည်းငယ်ကျဆင်း

မကွေး ဇွန် ၁၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ဈေးကွက်နှင့် ပွဲရုံများသို့ မေလအတွင်း နွေကြက်သွန်နီများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဒေသတွင်း ကြက်သွန်နီ အများဆုံးစိုက်ပျိုးသော ဆိပ်ဖြူမြို့ပေါ်ရှိ ရွာသစ်ရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်များနှင့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကိုးတောင့်အုပ်နှင့် လိပ်ခြံ၊ ရွာသစ်ကြီး၊ ကပိုင်၊ ကံတွင်း၊ ချင်တောင်၊ အောက်ဆိပ်၊ ကျောင်းရွာ၊ ကုန်းရွာ၊ အလယ်စုရွာများအပြင် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများနှင့်



ပွင့်ဖြူ စလင်း၊ တညောင်မြို့များမှ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း၊ ကုန်စည်ဝင်ရောက်မှုအနေဖြင့် တစ်ရက်လျှင် ပျမ်းမျှ ပိဿာချိန် ၂၀၀၀၀ မှ ၅၀၀၀၀ ခန့်အထိ ဝင်ရောက်လျက်ရှိပြီး တစ်လအတွင်း စုစုပေါင်း ပိဿာချိန် ၁၅ သိန်းခန့် ဝင်ရောက်လျက်ရှိကြောင်းနှင့် မေလနောက်ဆုံးပတ်တွင် ကြက်သွန်နီဈေးနှုန်း အနည်းငယ် ကျဆင်း၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

### အဓိကတင်ပို့

ကြက်သွန်နီ ဈေးကွက်အနေဖြင့် ပြည်ပသို့ အနည်းငယ်တင်ပို့ပြီး ပြည်တွင်းတင်ပို့မှုအနေဖြင့် ရန်ကုန် ဘုရင့်နောင်ပွဲရုံ၊ ပြည်နှင့် ပုသိမ်မြို့များသို့ အဓိကထား တင်ပို့လျက်ရှိကြောင်း၊ မေလအတွင်း ကြက်သွန်နီ တင်ပို့သည့် စုစုပေါင်း ကုန်ချိန်အနေဖြင့် ပိဿာချိန် ၁၅ သိန်းခန့်၊ တန်ချိန်အားဖြင့် ၂၄၅၀ ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ကျဆင်း၍ အရောင်းအဝယ်ဖြစ်

မုံရွာ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့် လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာစိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ရောင်းချလျက်ရှိကြောင်း၊ မိုးဦးရာသီတွင် ကွမ်းအထွက်နှုန်းတိုးကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများခြင်း



ကြောင့် ကွမ်းဈေးနှုန်းများကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။





## ရွှေတောင်မြို့နယ်၌ ကျောက်ဖရုံသီးပင်များစိုက်ပျိုးပြီး ဝင်ငွေရရှိ

ရွှေတောင် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးလောင်အုပ်စုတွင် ကျောက်ဖရုံပင်များ စိုက်ပျိုးပြီး ဝင်ငွေများရရှိလျက်ရှိကြောင်း၊ ကျောက်ဖရုံပင်စိုက်ပျိုးရာတွင် စင်တင်စနစ်ဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး အထွက်နှုန်းအနေဖြင့် ကျောက်ဖရုံစင်တစ်စင်ကို ခူးဆွတ်ရာတွင် တစ်ကြိမ်လျှင် အလုံး ၅၀ ခန့်ရရှိပြီး တစ်လလျှင် လေးကြိမ်နှုန်းဖြင့် အနည်းဆုံး သုံးလအထိ ခူးဆွတ်ရပြီး ဈေးကွက်အနေဖြင့် ရွှေတောင်မြို့နယ်မှ ထွက်ရှိသော ကျောက်ဖရုံသီးများကို ဒေသတွင်းအပြင် အခြားမြို့နယ်များရှိ ကျောက်ဖရုံယိုထုတ်လုပ်သည့် လုပ်ငန်းများနှင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ်- စီးပွား/ကူးသန်း**

### ၁၀-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | ၇၈၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၅၀၀ | ၁၆၅၀၀ | ၅၉၅၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၁၀၀ | | ၇၂၀၀ | ၁၇၀၀၀ | ၆၀၅၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၀၅၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၉၃၀၀ | ၁၅၀၀၀ | ၉၅၀ | ၉၃၀၀ | ၇၀၀၀ | ၅၃၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၅၇၅၀ | ၉၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ၁၄၅၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၆၉၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၁၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၈၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၃၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၈၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၅၀ | | ၆၈၅၀ | ၁၅၀၀၀ | ၅၇၀၀ | ၁၁၈၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၅၂၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၂၆၅၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၅၀ | | ၆၈၅၀ | ၁၅၂၀၀ | ၅၇၀၀ | ၁၁၂၀၀ | ၂၆၀၀ | ၁၂၆၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၂၀၀ | ၃၂၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၆၅၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၇၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# ဇွန်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ငါးပေမှ ကိုးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် သုံးပေမှ ငါးပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ငါးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါးပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ငါးပေခန့်နှင့် သာပေါင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

❐

# မုန်တိုင်းဘေး အသိပညာပေး

**အောက်ဖော်ပြပါအရေးပေါ် သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။**

ပေါ့ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။

- ☐ ရေနှင့် ဓာတ်ဆားများ
- ☐ ကြာရှည်ခံအစားအစာများ
- ☐ ရှေးဦးသူနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- ☐ အရေးပေါ် မြို့စောင်
- ☐ အဝတ်အစားများ
- ☐ ရေစိုခံမိုးကာ
- ☐ အကြမ်းခံသည့် ဖိနပ်။
- ☐ ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- ☐ လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- ☐ ဘက်စုံသုံး အိတ်ဆောင်ဓါး၊ ကြိုး
- ☐ ဖယောင်းတိုင်၊ မီးခြစ်
- ☐ အခြားသူများ အာရုံစိုက်မှုရစေရန် လိုအပ်သည့် ဝီစီ
- ☐ တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာ၊ သွားတိုက်ဆေး)
- ☐ ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- ☐ ကလေးများ၏ ကျောင်းသုံးပစ္စည်းများ



**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရုံးအမှတ်(၂၃)၊ နေပြည်တော်

၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇

Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

# ဘီးလင်းမြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲ ပြိုင်ပွဲများပြုလုပ်

ဘီးလင်း ဇွန် ၁၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယနေ့နံနက် ၉ နာရီက ပညာရေးဌာနနှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းမှတ်အကြို အသိပညာပေး ဟောပြောပွဲ၊ ပြပွဲ ပြိုင်ပွဲများကို ကျင်းပသည်။



ဦးစွာ ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံ က မူးယစ်ဆေးသုံးစွဲခြင်းဖြင့် ရရှိစေနိုင်သည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပုံပြော၊ ကဗျာရွတ်၊ ပန်းချီ၊ နံရံကပ်စာစောင်များ၊ သုတ၊ ရသ၊ စာအုပ်များ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက လိုက်လံ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၁၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ" ကို ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားကို စိတ်ဝင်စားသည့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သွေးသည်အသက်

**❖ ကမ္ဘာ့ဖလားမှ**

ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်တစ်နေရာအတွက် ဆီးရီးယားအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ မျှော်လင့်ချက်ရှိနေပြီး ဆီးရီးယားအသင်းမှာမူ ဂျပန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် အခွင့်အရေးနည်းနေသည်။ မြန်မာအသင်းနှင့်ကစားရမည့်မြောက်ကိုရီးယားအသင်းမှာမူ အနိုင်ကစားနိုင်ရုံဖြင့် ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရှိနေခြင်းဖြစ်သည်။

မြောက်ကိုရီးယားအသင်းသည် အိမ်ကွင်းနှစ်ပွဲကို မြောက်ကိုရီးယားနိုင်ငံ၌ လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ကြားကွင်းဖြစ်သည့် လာအိုနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ မြောက်ကိုရီးယားအသင်းသည် မြန်မာအသင်းကို ပထမအကျော့တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ဇွန် ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ခွင့်ရမည့် ငါးသင်း ထွက်ပေါ်ရန် ကျန်ရှိနေသည်။

ကိုညီလေး

**❍ ကျောဖုံးမှ**

"ကုန်သွယ်မှုကတော့ ပုံမှန်ပဲဆိုပေမယ့် လမ်းခရီးမှာတော့ ကုန်ကားတွေက ရက်ကြာတယ်။ မိုးတွင်းနဲ့ လက်ရှိလမ်းတွေက အခုချိန်မှာ ဗွက်တွေဖြစ်နေတော့ နစ်တာပါ။ သယ်ယူပို့ဆောင်ရေးမှာတော့ ကြန့်ကြာတာတွေရှိတယ်လို့ ပြောရမယ်။ တစ်ရက်ကို ဘယ်နှစီးလောက်ဆိုတာမျိုးတော့ ဒီနောက်ပိုင်း ပုံမှန်မရှိတော့ဘူး။ ပုံမှန်မရှိတော့ဘူးဆိုတာက လမ်းခရီးကြောင့်နဲ့ နောက်သွင်းကုန်လိုင်စင်တွေ နည်းနည်းကျဖို့ ခက်ခဲတာနဲ့ဆိုတော့ တောက်လျှောက်ကတော့ တာချီလိတ်တို့ ကော့သောင်းတို့ကိုလည်း ပြောင်းသွားကြတာတွေရှိတော့ ပုံမှန်မရှိဘူး" ဟု မြို့ဝတီမြို့ခံ ကုန်သည်တစ်ဦးက ပြောသည်။

လမ်းခရီး အဆင်ပြေမှုများက ပြည်တွင်းသို့ သယ်ယူမှုများပြီး ရာသီဥတုအခြေအနေကြောင့် လမ်းပိတ်ပါက လျော့ကျသွားလေ့ရှိကြောင်းလည်း ၎င်းကဆိုသည်။

"မြဝတီချစ်ကြည်ရေးတံတား အမှတ်(၂) ဖွင့်လှစ်ပြီးနောက် အဝင်ကတော့ ပုံမှန်ပါပဲ။ ဒီဘက်က လမ်းခရီးအခြေအနေကြောင့် ဟိုဘက်ကို ရက်ရွှေ့တာမျိုးတွေပဲရှိတာပါ။ အဝင်ကတော့ ပုံမှန်ပါပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် ဒေါနတောင်လမ်းဟောင်းနှင့် ထောကိုကိုးလမ်း အစရှိသည့် တောလမ်းများကို အသုံးပြုသွားလာနေကြကြောင်းလည်း ၎င်းကပြောသည်။ ပြီးခဲ့သည့်ရက်ပိုင်းက မိုးရွာသွန်းမှုများပြားခဲ့သည့်အတွက် မြဝတီမြို့တွင် ရေကြီးရေလျှံမှုဖြစ်ခဲ့သော်လည်း ယခုအခါ ရေပြန်ကျသွားပြီဖြစ်ကြောင်းလည်း သိရသည်။ "တောင်ကျချောင်းကြောင့် ရေကြီးနေတာ မဟုတ်ပါဘူး။ မိုးရွာတော့မိုးရေများလို့ မြောင်းရေကြောင့် လမ်းမှာ ရေလျှံတာမျိုးပါပဲ။ ရေအများကြီး ကြီးတာတော့ မဟုတ်ပါဘူး"ဟု မြဝတီမြို့ခံတစ်ဦးက ပြောသည်။

MT

**❂ အမျိုးသမီးလိဂ်မှ**

ပထမအကျော့အပြီးတွင် အဆင့်(၄)နေရာသာ ရယူနိုင်မည်ဖြစ်သည်။

နှစ်သင်းစလုံးအတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် လူစုံအသုံးပြုခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းတွင် ဝင်းသိင်္ဂီထွန်း၊ ဆွေမာအောင်၊ ယွန်းဝတီလှိုင်၊ ဇင်မိုးပြည့်တို့ ပါဝင်လာသလို ဧရာဝတီအသင်းတွင်လည်း ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ စန်းသော်သော်၊ လှဲ့လှဲ့လှိုင်တို့ ဦးဆောင်ကစားခဲ့သည်။ ခြေစွမ်းအရ နှစ်သင်းစလုံး ကွာခြားမှုမရှိသဖြင့် ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း အဆုံးသတ်သေချာသည့် ရန်ကုန်အသင်းက အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဧရာဝတီအသင်းမှာမူ အခွင့်အရေးများ အသုံးမချနိုင်သဖြင့် ချေပဂိုးပင်မရဘဲ ရှုံးနိမ့်ခဲ့ရသည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၉ မိနစ်တွင် ယွန်းဝတီလှိုင်နှင့် ၇၈ မိနစ်တွင် အေးအေးထွေးတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၇)ဒုတိယနေ့ကို ဇွန် ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MWL

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၃၁၅၊ မြေကွက်တည်နေရာ- အမှတ် -၃၁၅၊ ဇေယျာသိဒ္ဓိလမ်း၊ ၃၁- ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်မယ်ကျော့ [၁၂/ဗတထ(နိုင်)၀၂၁၂၅၀]အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် - ၅၆/၂၀၂၃ ဖြင့် ဒေါ်စန်းစန်းဝင်းမှ (တရားလို) ပြု၍ ဒေါ်မယ်ကျော့အပေါ်(တရားပြိုင်)ထားကာ ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ တရားလိုတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂၁-၈-၂၀၂၃ )ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၇၃/၂၀၂၃ ၏ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၂၉-၈-၂၀၂၃ )ရက်စွဲပါ အကြောင်းကြားစာ၊ နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ Botahtaung Time Square အိမ်ရာ၊ တိုက်(C2)၊ အခန်း (A-611) ၏ အမည်ပေါက် ဒေါက်တာဒေါ်တင့်တင့် [၁၂/စခန(နိုင်) ၀၁၅၅၃၄]ဖြစ်ပြီး ဒေါ်အေးသီရိဇာ [၁၂/သကတ(နိုင်)၁၆၀၈၂၄] တို့က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး
## “အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း”

၁။ ရန်ကုန်ကလေးဆေးရုံကြီးတွင် လာရောက်ကုသမှုခံယူသော လူနာများ အသုံးပြုရန် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သောဆေးဝါးများ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Basic Consumable များ (FDA အသိအမှတ်ပြု) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း၊ ဆေးနှင့်ဆေးပစ္စည်းစာရင်းအသေးစိတ် ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးနှင့် ဖုန်း-၀၁-၂၂၂၈၀၁ - ၂၂၂၈၁၀ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ - ၁၀-၆-၂၀၂၄ (ကြာသပတေးနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်နေ့ - ၉-၇-၂၀၂၄ (သောကြာနေ့) ညနေ ( ၄:၀၀ )နာရီ

**တင်ဒါကော်မတီ**
**ရန်ကုန်ကလေးဆေးရုံကြီး**
**အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## “သက်ဆိုင်သူနှင့်အများသိသာစေရန်ကြေညာခြင်း”

